The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (13-11-2014) (၀၂၃)

- အာဆီယံအနေဖြင့် ယခုနှစ်အတွင်းတွင် အဓိကကျသောလုပ်ငန်းနှစ်ရပ်ကို စတင်နိုင်ခဲ့။
- အာဆီယံအဖွဲ့အစည်းများကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ မည်သို့ ပိုမိုထိရောက်ခိုင်မာအောင် ဆောင်ရွက်သွားကြမည်ဟူသည့် ဆန်းစစ်မှုနှင့်
- အာဆီယံ၏ အနာဂတ်အတွက် မျှော်မှန်းချက်အသစ်တစ်ရပ်ချမှတ်နိုင်ရေး အတွက် လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်။

# အာဆီယံသည် လာမည့်နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်းတစ်ရပ်အနေဖြင့် ပေါ်ထွန်းလာတော့မည် ယှဉ်ပြိုင်နိုင်စွမ်းမြင့်သည့် အသိုက်အဝန်းတစ်ရပ်အနေဖြင့် ဆက်လက်တည်ရှိနိုင်ရန် ကြိုးပမ်းအားထုတ်

**နေပြည်တော်　နိုဝင်ဘာ　၁၂**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

❝ အာဆီယံ - အိန္ဒိယ မိတ်ဖက်ဆက်ဆံရေး အနာဂတ် လုပ်ငန်းစီမံချက်အသစ် ပေါ်ထွက်လာရေး အာဆီယံနှင့် အိန္ဒိယခေါင်းဆောင်တို့ ညှိနှိုင်းဆွေးနွေး ❞

အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး
စာမျက်နှာ - ၄

❝ ၂၀၁၅ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးဆွေးနွေး ❞

အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး
စာမျက်နှာ - ၅

❝ အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက် ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်ဖက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး ❞

အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေး
စာမျက်နှာ - ၅

❝ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်တို့ကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး ❞

အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေး
စာမျက်နှာ - ၆



**ကြေးမုံစာတည်းရှုထောင့် ၁၃-၁၁-၂၀၁၄၊ ကြာသပတေးနေ့**

# အထင်ကရဂုဏ်ထူးဆောင်နာယက

အာဆီယံဒေသတွင်းနိုင်ငံများမှ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများနှင့် အထောက်အကူပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သော နိုင်ငံ့ခေါင်းဆောင်များအား အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်က အထင်ကရဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို ရွေးချယ်ချီးမြှင့်လေ့ရှိပါသည်။

အထင်ကရဂုဏ်ထူးဆောင်နာယကဘွဲ့တံဆိပ်ကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာတွင် ယခုနှစ်အတွက် ဘွဲ့တံဆိပ်ကို အာဆီယံထိပ်သီးအစည်းအဝေး စတင်မကျင်းပမီ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ချီးမြှင့်လိုက်ကြောင်း ကြားသိရသဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မှုဖြစ်မိပေသည်။

ထိုသို့ချီးမြှင့်ရသည့် နိုင်ငံတော်သမ္မတကြီး၏ စွမ်းဆောင်နိုင်ခဲ့မှုအကြောင်းအရင်းများကို မြန်မာနိုင်ငံသာမက နိုင်ငံတကာကပင် သိရှိပြီးဖြစ်ပေလိမ့်မည်။ နိုင်ငံတော်သမ္မတကြီးသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ထိုကာလအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခြင်း၊ လူထုအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေမှုနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် တက်ကြွစွာလမ်းညွှန်ဆောင်ရွက်နိုင်မှု ပြုခဲ့သူဖြစ်သည်။

ထို့အပြင် ၂၀၀၈ နာဂစ်မုန်တိုင်းဒဏ်ခံဒေသများတွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်နိုင်ခြင်း၊ ရွေးကောက်ပွဲအပြီး နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်သည့်ကာလတွင် အင်ဂျင်နီယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လျှပ်စစ်စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းနှင့် မြန်မာအင်ဂျင်နီယာများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသော မြန်မာအင်ဂျင်နီယာကောင်စီဥပဒေကို ၂၀၁၃ ခုနှစ်အတွင်း အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ဘွဲ့ထူးဂုဏ်ထူးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပေသည်။

ထို့မျှသာမက နိုင်ငံတော်သမ္မတကြီးသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်ခြင်း၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အင်ဂျင်နီယာများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးနိုင်မည့် ၂၀၁၅ အလွန် အာဆီယံပေါင်းစည်းရေးကို ဦးတည်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ သော့ချက်ဖြစ်လာမည့် အာဆီယံဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရန် မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံဒေသတွင်း သန်း ၆၀၀ ကျော်ရှိသော လူမှုဘဝများကို အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်းနှင့် အာဆီယံပြည်သူများအကြား ချမ်းသာကြွယ်ဝမှုကို မျှဝေခံစားနိုင်ရန် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာကောင်းများ မြှင့်တင်နိုင်ခြင်းတို့ကြောင့် အဆိုပါဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲမှုများနှင့် စီမံကိန်းများအားချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာများစွာ လိုအပ်ပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်ဦးရွက်ပြုပေးနိုင်မှုများကြောင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် အောင်မြင်မှုများ လက်တွေ့ရရှိနေပြီဖြစ်သည်။

ထိုကဲ့သို့ အောင်မြင်မှုများရရှိနေချိန်တွင် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ အမြင့်ဆုံးဆုဖြစ်သော အထင်ကရဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို ထပ်ဆောင်းချီးမြှင့်လိုက်သဖြင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းသကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေမည့် ခွန်အားတစ်ရပ် ရရှိလာမည်ဖြစ်ပါသည်။ ။



## အာခါတိုင်းရင်းသားများ၏ ခါးထောင်းဖားပွဲတော် စည်ကားစွာကျင်းပမည်


**တာချီလိတ် နိုဝင်ဘာ ၁၂**

သံလွင်အရှေ့ခြမ်းဒေသ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အဓိကမှီတင်းနေထိုင်ကြသည့် အာခါတိုင်းရင်းသားများ၏ သတ္တမအကြိမ်မြောက် ခါးထောင်းဖားပွဲတော်(ခေါ်) အာခါရိုးရာနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ တာချီလိတ်မြို့ရှမ်းရိုးမကွင်းအတွင်း အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ခါးထောင်းဖားပွဲတော်သို့ ရှမ်းပြည်နယ်အတွင်းရှိ အာခါမျိုးနွယ်စုများသာမက ထိုင်း၊ တရုတ်၊ လာအိုနိုင်ငံများရှိ အာခါမျိုးနွယ်စုဝင်များပါတက်ရောက်ဆင်နွှဲကြမည်ဖြစ်ကာ ပွဲတော်အတွင်း ရိုးရာယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရိုးရာတေးဂီတများအား အဓိကဖော်ညွှန်းပြသသွားမည်ဖြစ်ပြီး နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ပါဝင်စားစွာလာရောက် လေ့လာကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်ယဉ်ကျေး၊**
**ဓာတ်ပုံ - ဇော်အောင်**

## နေပြည်တော်၌ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲ ခင်းကျင်းပြသမည်




**နေပြည်တော် နိုဝင်ဘာ ၁၂**

ယခုအခါ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များလာရောက်မှု ပိုမိုတိုးတက်များပြားလျက်ရှိသည်။ မြန်မာ့ရိုးရာလက်မှုအနုပညာသည် သိမ်မွေ့နက်နဲပြီး ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်များဖြင့် အဆင့်အတန်းမြင့်မားကြောင်း၊ ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဖွံ့ဖြိုးတိုးတက်ပြီး ယခုထက်တိုင် စောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြောင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ သိရှိလေ့လာ တန်ဖိုးထားနိုင်စေရန်ရည်ရွယ်၍ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲကို ဒုတိယအကြိမ်အဖြစ် နေပြည်တော် မဏိရတနာခန်းမ (ကျောက်စိမ်းအရောင်းခန်းမကြီး)၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲ၌ မြန်မာ့ရိုးရာလက်မှုပညာများအနက် ရွှေချည်ထိုး၊ ငွေထည်၊ ယွန်းထည်များ၊ ရွှေဆိုင်းများ၊ အမရပူရချည်ထည်၊ ပိုးထည်များ၊ ထူးခြားထင်ရှားသည့် အင်းလေးကြာချည်အထည်အပါအဝင် တိုင်းရင်းသားရိုးရာဂျပ်ခုတ်အထည်များ၊ ကြိမ်ထည်နှင့် ပန်းချီကားများကို ပြုလုပ်ပုံအဆင့်ဆင့်နှင့်အတူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည့်အပြင် မြန်မာ့တွင်းထွက်ကျောက်မျက်လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သုဝဏ္ဏဘူမိမြို့ဟောင်း ကွင်းဆင်း သုတေသနခရီး စာတမ်းဆွေးနွေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်း သုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် "သုဝဏ္ဏဘူမိမြို့ဟောင်း ကွင်းဆင်း သုတေသနခရီးအစီရင်ခံစာ"စာတမ်းကို နိုဝင်ဘာ ၁၅ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက် ပထမထပ် ခန်းမဆောင်၌ မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင် ဆရာဦးစံဝင်းက ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(ကိုချစ်)**



## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်အဖွဲ့မှ အဖွဲ့ဝင် ၂၁ ဦး ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကော်မတီဝင် ဦးထွန်းဖေ ခေါင်းဆောင်၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူငယ် ၆၅ ဦး စုစုပေါင်း ၈၆ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၀၀၀၀ | - | ၆၄၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၃၉၈၀၀ | - | ၆၄၀၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၁၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၅. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၈၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၉၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၁၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၇. ၁၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၅၆၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၈၂. ၆၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၅. ၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာ ဂျိုကို ဝီဒိုဒိုတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော်　နိုဝင်ဘာ　၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှား နိုင်ငံသမ္မတ ဒေါက်တာ ဂျိုကို ဝီဒိုဒိုတို့သည် ယနေ့နံနက် ၈ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနရှိ ပုလဲခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် ပိုမိုပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာ-အင်ဒိုနီးရှားကုန်သွယ်မှုကို ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်နိုင်ရေး၊ မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ပူးတွဲကော်မရှင်၏ လုပ်ငန်းဆိုင်ရာများ၊ မြန်မာ နိုင်ငံတွင် ဆောင်ရွက်နေသည့် နိုင်ငံရေးပြုပြင်ပြောင်း လဲမှုနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာ-အင်ဒိုနီးရှားကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ် တွင် ဒေါ်လာ ၄၉၈ သန်း ရှိခဲ့သည်။ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနို၏ ၂၀၁၃ ခုနှစ် ဧပြီလခရီးစဉ် တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုကို ၂၀၁၆ ခုနှစ်၌ ဒေါ်လာ သန်းတစ်ထောင်အထိ တိုးမြှင့်ရန် အဆိုပြုခဲ့ခြင်းဖြစ် သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲဖြေဆိုမည့်သူများ၏ ခုံအမှတ်စာရင်းကို Sky Net Education Channel မှ ထုတ်လွှင့်မည်

**နေပြည်တော်　နိုဝင်ဘာ　၁၂**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲအတွက် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့တွင် ဖြေဆိုမည့်သူများ၏ ခုံအမှတ်၊ စာစစ်ဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်စာရင်းတို့ကို Sky Net Education Channel မှ နိုဝင်ဘာ ၁၃ ရက်တွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်လွှင့်မည်ဖြစ်ပြီး ကျန်စာစစ်ဌာနများအတွက်ကိုလည်း နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ရက်တို့တွင် ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်-

| ထုတ်လွှင့်မည့်ရက် | ထုတ်လွှင့်မည့်အချိန် | စာစစ်ဌာနအမည် | ဖြေဆိုရမည့်ရက်စွဲ |
|---|---|---|---|
| ၁၃-၁၁-၂၀၁၄ | နံနက် ၁၀း၄၂ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | ၆-၁၂-၂၀၁၄ |
| | နံနက် ၁၀း၅၁ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | ၇-၁၂-၂၀၁၄ |
| | နံနက် ၁၁း၁၈ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | ၈-၁၂-၂၀၁၄ |
| | မွန်းလွဲ ၁၂း၄၁ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | ၉-၁၂-၂၀၁၄ |
| | မွန်းလွဲ ၁း၄၀ | ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ) | ၆-၁၂-၂၀၁၄ |
| | မွန်းလွဲ ၂း၁၆ | ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ) | ၇-၁၂-၂၀၁၄ |
| | ညနေ ၄း၄၁ | ရန်ကုန်ကွန်ပျူတာ(ဗဟန်းနယ်မြေ) | ၈-၁၂-၂၀၁၄ |
| | ညနေ ၅း၄၆ | ရန်ကုန်ကွန်ပျူတာ (ဗဟန်းနယ်မြေ) | ၉-၁၂-၂၀၁၄ |
| | ညနေ ၆း၄၂ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၆-၁၂-၂၀၁၄ |
| | ည ၇း၄၂ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၇-၁၂-၂၀၁၄ |
| | ည ၁၁း၃၇ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၈-၁၂-၂၀၁၄ |

**(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော်　နိုဝင်ဘာ　၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှိ အခန်းအမှတ် (၂၀၀၆)၌ တွေ့ဆုံဆွေးနွေးခဲ့သည်။**(အောက်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေး၊ ပညာရေးကဏ္ဍ များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီလဝါနှင့် ထားဝယ်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တော် သယ်ယူပို့ဆောင်ရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး နှင့် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ သည်။

ဆွေးနွေးမှုအတွင်း ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်းနှင့် ပူးပေါင်းဆောင်ရွက်အကူအညီပေး သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှု လုပ်ငန်းစဉ် များကိုလည်းထောက်ခံပြီး မကြာမီ တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုး နိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲဖြေဆိုမည့်သူများ၏ ခုံအမှတ်စာရင်းကို ဝက်ဘ်ဆိုက်များတွင် လွှင့်တင်ထား

**နေပြည်တော်　နိုဝင်ဘာ　၁၂**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည် အချင်းစစ်စာမေးပွဲဖြေဆိုမည့်သူများ၏ ခုံအမှတ်၊ စာစစ် ဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်စာရင်းတို့ကို ပညာရေး ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.myanmar-education.edu.mm နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.moi.gov.mm တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။

စာစစ်ဌာန ပြောင်းလဲလျှောက်ထားလိုသူများအနေ ဖြင့် နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီနောက်ဆုံးထားပြီး (၁) ဖြေဆိုသူအမည် (၂) ခုံအမှတ်(၃) နိုင်ငံသား မှတ်ပုံတင်အမှတ် (၄) မွေးသက္ကရာဇ် (၅) မူလစာစစ်ဌာန (၆) ပြောင်းလဲဖြေဆိုလိုသည့် ဌာနစသည့်အချက်အလက် များကို eiei.mon@mm.britishcouncil.org သို့ ပေးပို့ ရမည်ဖြစ်သည်။

စုံစမ်းမေးမြန်းလိုပါက ဦးမြအေး လက်ထောက် မော်ကွန်းထိန်း အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ရန်ကုန် ဖုန်း-၀၁-၂၉၁၅၆၆၊ ဒေါက်တာအေးအေးသင်း မော်ကွန်းထိန်း (၁) ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၅၁၅၈၅၇၄၊ ဦးဇော်မြင့်နိုင်ဦး ကထိက စက် နည်းပညာဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်း နယ်မြေ) ဖုန်း-၀၉-၈၆၁၈၇၉၇၊ ဦးမင်းသန်း ကထိက အင်္ဂလိပ်စာဌာန မန္တလေးတက္ကသိုလ် ဖုန်း-၀၉-၃၃၀၅ ၇၀၈၅၊ ဒေါက်တာအေးအေးစိမ့် မော်ကွန်းထိန်း မန္တလေး ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၂၁၅၊ ဒေါက်တာ မာမာသင်း မော်ကွန်းထိန်း ကွန်ပျူတာတက္ကသိုလ် (မန္တလေး) ဖုန်း-၀၉-၂၅၉၀၁၉၈၁၇၊ ဦးဝင်းမြင့် ကထိက အင်္ဂလိပ်စာဌာန မော်လမြိုင်တက္ကသိုလ် ဖုန်း-၀၉- ၅၃၂၁၈၃၅၊ ဒေါက်တာခင်ကျော့ကျော့ခိုင် ကထိက စက်နည်းပညာဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (မကွေး) ဖုန်း-၀၉-၅၃၄၁၉၇၈၊ ဦးမျိုးဟိန်းဇော် ကျောင်း အုပ်ကြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ဖုန်း-၀၇၁- ၂၃၆၂၈နှင့် ဦးစိုင်းစောဟန် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) ဖုန်း-၀၉-၂၅၀၇၈၇၄၀၅ တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။ **(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၂**

(၁၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အာဆီယံ-အိန္ဒိယအကြား နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ၂၀၀၃ ခုနှစ် ပူးတွဲကြေညာချက်ကို ပူးပေါင်းအကောင်အထည်ဖော်ရေး၊ ၂၀၁၂ခုနှစ် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် နှစ်ဖက်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံရောက်ရှိရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက် အဝေးပြေးလမ်းမကြီးနှင့် ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်တို့ကို တိုးချဲ့ဆက်သွယ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ အာဆီယံနှင့် အိန္ဒိယတို့အကြား စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းအပါအဝင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ကြရေး၊ အာဆီယံ အသိုက်အဝန်းထူထောင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ပါဝင်ပံ့ပိုးပြီး ဆောင်ရွက်နေသော ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့်ကြွယ်ဝမှု မျှဝေခံစားရေးဆိုင်ရာ အာဆီယံ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေး အနာဂတ်လုပ်ငန်းစီမံချက်အသစ် ပေါ်ထွက်လာရေးကို အာဆီယံနှင့် အိန္ဒိယခေါင်းဆောင်တို့က ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# အာဆီယံ - ဩစတြေးလျ ဆက်ဆံရေးနှင့် ဒေသတွင်း အခြေအနေဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်တိုနီ အဲ့ဘော့တ်တို့သည် ယနေ့ ညနေ ၆ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနရှိ အခန်းအမှတ်(၂၀၀၆)၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှု အခြေအနေ၊ အောင်မြင်မှုများနှင့်စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဩစတေးလျနိုင်ငံမှ အကူအညီပေးခဲ့မှုနှင့် ဆက်လက်အကူအညီပေးမည့် အခြေအနေ၊ အာဆီယံ-ဩစတြေးလျဆက်ဆံရေးနှင့် ဒေသတွင်းအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၂**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးခင်ရီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်၊ ဒေါက်တာဝင်းမြင့်၊ ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးသို့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၁၇)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန နီလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇို အာဘေး၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အာဆီယံ-ဂျပန် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အာဆီယံ-ဂျပန် စင်တာမှတစ်ဆင့် အာဆီယံ-ဂျပန် ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများ မြှင့်တင်ရေး၊ နှစ်ဖက်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အာဆီယံ-ဂျပန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သီလဝါ အထူးစီးပွားရေးဇုန်မှ တစ်ဆင့် ဒေသဆက်သွယ်ရေး လမ်းကြောင်းများ တိုးမြှင့်ဆောင်ရွက်ရေး စသည်တို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။

တက်ရောက်လာကြသည့် နိုင်ငံခေါင်းဆောင်များကလည်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် အာဆီယံ-ဂျပန် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးမျှော်မှန်းချက်ထုတ်ပြန်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ ဆက်လက်အကောင်အထည်ဖော်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆောင်ရွက်ချက်များတွင် အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ၂၀၁၅ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံ စန်ဒိုင်းမြို့၌ ကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးဒဏ်လျော့ပါးရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၄၀)နှစ်မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၁၂**

(၄၀)နှစ်မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် တိုနီအဲ့ဘော့တ်၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အာဆီယံ-ဩစတြေးလျ အနာဂတ်မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေရန် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ခိုင်မာစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီထွန်းကားရေး၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုနှင့် လူ့အခွင့်အရေးထွန်းကားရေး၊ ဘာသာကွဲများနှင့် ယဉ်ကျေးမှုများအကြား ထိတွေ့ဆက်ဆံမှုများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ကာကွယ်လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ဩစတြေးလျနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များက အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်ဖက်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာအပျော်တမ်းမာရသွန်အပြေးပြိုင်ပွဲ ပုဂံမြို့၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

Myanmar Voyages International Tourism Co.,Ltd. နှင့် ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros Travel Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဒုတိယအကြိမ် နိုင်ငံတကာ အပျော်တမ်းမာရသွန်အပြေးပြိုင်ပွဲ (Adventure Bagan Temple Marathon)ကို နိုဝင်ဘာ ၁၅ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဥရောပ၊ အမေရိကန်နှင့် အာရှနိုင်ငံ စုစုပေါင်း ၁၈ နိုင်ငံတို့မှ အပျော်တမ်းအပြေးသမား ၁၀၀ ကျော်နှင့် ပြည်တွင်း အပျော်တမ်းအပြေးသမား ၃၀ စုစုပေါင်း အပျော်တမ်းအပြေးသမား ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် တန်းပြည့်မာရသွန်နှင့် မီနီမာရသွန်ဟူ၍ ပွဲစဉ်နှစ်ရပ် ကျင်းပမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီးပြိုင်ပွဲများ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ် နိုင်ငံတကာအပျော်တမ်းမာရသွန်အပြေးပြိုင်ပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၂၆ နိုင်ငံမှ တာတို၊ တာရှည် အပြေးသမား ၁၃၆ ဦးနှင့် မြန်မာနိုင်ငံမှ အပြေးသမား ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(ခင်ချိုဝင်း)**

◆

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၃-၁၁-၂၀၁၄ (ကြာသပတေးနေ့)**

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ် |
| ၅း၄၀ | "သေမင်းကိုရင်ဆိုင်ရဲသူ" တရားတော် (ဆရာတော်ဦးပညာသီရိ) |
| ၈း၀၀ | Cartoon Series (English Play ground) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၁၈) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၀ | အနုပညာမိုးကောင်းကင် |
| ၃း၅၀ | စိုးပိုင် 7th Decade(Soe Paing's 70th Birthday Tribute Concert) Road To (အပိုင်း-၁) |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၂**

(၆)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပရာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် တို့ တက်ရောက်ကြသည်။**(ယာပုံ)**

အစည်းအဝေးတွင် အာဆီယံ-ကုလသမဂ္ဂ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ လူမှု-ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့ပြင် အာဆီယံ-ကုလသမဂ္ဂ လုပ်ငန်းစီမံချက်(၂၀၁၅) အကောင်အထည်ဖော်ရေး၊ ကုလသမဂ္ဂ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်နှင့် ၂၀၁၅ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်တို့ကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးစသည့် အရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒေသဆိုင်ရာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝမှုများ ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတကာဥပဒေနှင့်အညီ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ အရှေ့တောင်အာရှဒေသအား အဏုမြူလက်နက် ကင်းမဲ့ဒေသအဖြစ် တည်ဆောက်နိုင်ရန် အဏုမြူလက်နက် ကင်းမဲ့ရေးဇုန်စာချုပ်တွင် အဏုမြူလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများမှ ဆောလျင်စွာ လက်မှတ်ရေးထိုးရေး၊ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် ကာကွယ်စောင့်ရှောက်မှု ခိုင်မာစေရန် ကုလသမဂ္ဂနှင့် အာဆီယံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး၊သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြေရှင်းရေး၊ အီဘိုလာ ကူးစက်ပြန့်ပွားမှု၊ အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့များကဲ့သို့ အစွန်းရောက်ဝါဒများ၏ ခြိမ်းခြောက်မှုအန္တရာယ်များကို ဖြေရှင်းရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေး စသည့်ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် နိုဝင်ဘာ ၁၂**

(၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။**(ဝဲပုံ)**

ဆက်လက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလွန်အားလုံးပါဝင်သော ထိတွေ့ဆက်ဆံမှု၊ အများ၏ အင်အားတစ်ပိုင်တစ်နိုင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)၊ အာဆီယံဒေသတွင်းစားသုံးသူများ၏ အလားအလာ၊ ကွာဟချက်နည်းပါးအောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် လူမှုရေးပြောင်းလဲမှုများအတွက် အာဆီယံဒေသတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အာဆီယံဒစ်ဂျစ်တယ်နယ်ပယ်၊ Nikkei Asia Review ၏ ဘဏ္ဍာရေးပါဝင်မှု အခွင့်အလမ်းများမှတစ်ဆင့်ဖွံ့ဖြိုးခြင်း ပြန်လည်ဆန်းသစ်မှု၊ အနာဂတ်အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနများ ကမ္ဘောဒီးယား၊လာအို၊ မြန်မာနိုင်ငံတို့၏ မူဝါဒပိုင်းဆိုင်ရာ စိန်ခေါ်မှုများစသည့် အကြောင်းအရာများကို ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(သတင်းစဉ်)**

# MNL လူငယ်အမှတ်ပေး ချန်ပီယံဆု ရန်ကုန်အသင်း ဒုတိယအကြိမ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၁၄ ရာသီ MNL လူငယ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၂)ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့တွင် ကျင်းပရာ ရန်ကုန်အသင်းက နိုင်ပွဲရယူပြီး ချန်ပီယံဆုဆွတ်ခူးရရှိသွားသည်။

ရန်ကုန် -ငါးဂိုး။

Southern -ဂိုးမရှိ။

လူငယ်ပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၁၂ ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် ရန်ကုန်အသင်းမှာ ဒုတိယနေရာမှ ရတနာပုံအသင်းကို ငါးမှတ်ဖြတ်ပြီး ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာ နောက်ဆုံးပွဲ၌ Southern အသင်းကို ခြေအသာဖြင့် ကစားကာ ငါးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ၂၀၁၃ ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိထားသည့် ရတနာပုံအသင်းမှာမူ ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည်။

ရန်ကုန်အသင်းနှင့် ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရတနာပုံအသင်းမှာ နောက်ဆုံးပွဲစဉ်၌ နေပြည်တော်နှင့် သုံးဂိုးစီသရေကျသွားသည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၅၆ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ပြီး ရတနာပုံအသင်းက ၅၁ မှတ်ဖြင့် ဒုတိယနေရာရရှိခဲ့သည်။

**ရှိုင်းထက်ဇော်**

# သန်လျင်-ရန်ကုန်တံတားအမှတ်(၁)၌ မော်တော်ယာဉ်အား လုံခြုံရေးစစ်ဆေးဆောင်ရွက်

**သန်လျင် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံတွင် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပစဉ်ကာလအတွင်း လုံခြုံရေးအပြည့်အဝရရှိစေရန်၊ အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ မပြုလုပ်နိုင်စေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း အထူးယာဉ်စစ်၊ ပိတ်ဆို့မှုများပြုလုပ်ကာ လုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သန်လျင်- ရန်ကုန်တံတားအမှတ်(၁) သန်လျင်မှ ရန်ကုန်သို့အတက်တံတားစစ်ဆေးရေးဂိတ်၌ သန်လျင်မြို့နယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ရန်ကုန်သို့ သွားရောက်သည့် မော်တော်ယာဉ်များအား နိုဝင်ဘာ ၁၁ ရက် ည ၉ နာရီခွဲမှ စတင်၍ နံနက် ၁ နာရီခွဲ အထိ ပိတ်ဆို့မှုများ ပြုလုပ်ကာ လုံခြုံရေးစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်းနှင့် အဆိုပါ လုံခြုံရေးစစ်ဆေးဆောင်ရွက်ရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကြည်လွင်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်မောင်ဌွေ(သန်လျင်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၂**

(၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ယနေ့ည ၇ နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန မြခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**(၆)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၆)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းသည် ယနေ့ညနေ ၆ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှိ သန္တာခန်းမတွင် သတင်းစာရှင်းလင်းပွဲကျင်းပပြီး ပြည်တွင်းပြည်ပမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

မစ္စတာဘန်ကီမွန်းက ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံတွင် (၆)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ကတိကဝတ်များ ထားရှိနိုင်ခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသော အကျပ်အတည်းများနှင့် စိန်ခေါ်မှုများ ရှိနေကြောင်း။

အထူးသဖြင့် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် ကာကွယ်ရေးနှင့် အနောက်အာဖရိက နိုင်ငံများတွင် ဖြစ်ပွားနေသော ကူးစက်ရောဂါကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများအပေါ် နိုင်ငံအားလုံး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။ **(မိုးသူဇာစိုး)**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း နိုင်ငံတကာ မီဒီယာသမားများနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

# နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်



**ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် တိုနီအဲ့ဘော့တ်တို့ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာနှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့သည် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအဲ့ဘော့တ်တို့သည် မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆန်နယ် ဘိုလ်ကီးရားမူအစ်ဇာဒင် ဝါဒေါင်လာနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နရန်ဒရာမိုဒီနှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းတို့သည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် တိုနီအဲ့ဘော့တ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်း တို့သည် ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဘီနစ်ဂ်နိုဲ အကီနိုတို့သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပတ်ဂွန်ဟေးနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့သည် ညနေ ၅ နာရီတွင် လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့သည် ည ၇ နာရီတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် ဒီမီထရီ မက်ဗီဒက်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်တို့သည် ည ၇ နာရီ မိနစ် ၅၀ တွင် လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆန်နယ် ဘိုလ်ကီးရား မူအစ်ဇာဒင် ဝါဒေါင်လာနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရန်ဒရာမိုဒီတို့ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦးမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကွန်ဗင်းရှင်းဗဟိုဌာန ပထမထပ်ရှိ ကျောက်စိမ်းခန်းမ၌ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့နှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ မြန်မာသံအမတ်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံဂုဏ်ပြုတေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာ၌ နေပြည်တော်တွင်ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို တက်ရောက်လာကြသည့် အဆွေတော်များအားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား မိမိအနေဖြင့်ပါ လှိုက်လှဲစွာ ကြိုဆိုအပ်ပါကြောင်း။

အာဆီယံထိပ်သီးအစည်းအဝေးကြီးကို ပထမဆုံးအကြိမ်အဖြစ် တက်ရောက်လာကြသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒိုကိုလည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာကို လည်းကောင်း ဂုဏ်ပြုကြိုဆိုပါကြောင်း။

အဆွေတော်တို့၏ ဦးဆောင်မှုသည် အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံများက ပြည်သူများအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုကို ဆက်လက်ဖော်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရေးတွင်လည်း အားသစ်များ ဖြစ်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

ယနေ့နှင့် မနက်ဖြန်တွင် ကျင်းပမည့်အစည်းအဝေးများကို အဆွေတော်တို့အားလုံး စုံညီစွာ ကြွရောက်ပါဝင်လာကြခြင်းသည် အပြန်အလှန်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဖော်ဆောင်ရေးအတွက် စုစည်းညီညာစွာဖြင့် ကြိုးပမ်းနေသည့် မိမိတို့၏ သန္နိဋ္ဌာန်ချထားမှုများကို ပေါ်လွင်စေပါကြောင်း။

ယခုကျင်းပသည့် အစည်းအဝေးသည် အာဆီယံအတွက် အလွန်အရေးပါသည့်အချိန်တွင် ကျင်းပသည့်အစည်းအဝေး ဖြစ်ပါကြောင်း၊ အာဆီယံသည်လာမည့်နှစ်ကုန်တွင် အာဆီယံအသိုက်အဝန်းတစ်ရပ်အနေဖြင့် ပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့အတွက် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် အဓိကအချက်သည် ယင်းအသိုက်အဝန်းကို အရည်အသွေးရှိရှိ ရေရှည်တိုးတက်အောင် ဦးဆောင်သွားကြမည်ဆိုသည့် အချက်ပင်ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် ယခုနှစ်အတွင်းတွင် အဓိကကျသောလုပ်ငန်းနှစ်ရပ်ကို စတင်နိုင်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများမှာ အာဆီယံအဖွဲ့အစည်းများကို အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီမည်သို့ ပိုမိုထိရောက်ခိုင်မာအောင် ဆောင်ရွက်သွားကြမည် ဟူသည့် ဆန်းစစ်မှုနှင့် အာဆီယံ၏ အနာဂတ်အတွက် မျှော်မှန်းချက်အသစ်တစ်ရပ် ချမှတ်နိုင်ရေးအတွက် လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အာဆီယံကို အနာဂတ်တွင်တိုးတက်ပြီး ရေရှည်ရှင်သန်သည့်အဖွဲ့အစည်းဖြစ်စေရန် အထူးအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

အာဆီယံ၏ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "ရှေ့သို့တူညီ တက်လှမ်း၍ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" ဆောင်ပုဒ်နှင့်အညီ ငြိမ်းချမ်း၊ တည်ငြိမ်၊ တိုးတက်သာယာဝပြောသော အာဆီယံအသိုက်အဝန်းဆီကို မျှော်မှန်းပြီး ယခုနှစ်အတွင်းဆောင်ရွက်သည့် လုပ်ငန်းများသည် ဖင်းရည်မှန်းချက်ကို ဦးတည်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော်သည့်နေရာတွင်လည်း စိတ်ကျေနပ်စရာကောင်းသည့် တိုးတက်မှုများရှိခဲ့ပါကြောင်း၊ ဒေသအတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ပါကြောင်း။

မိမိတို့သည် ဘာလီကြေညာချက်(၃) နှင့်အညီ အာဆီယံအဖွဲ့ကြီးကို ဒေသအပေါ် အကျိုးသက်ရောက်မည့် ကမ္ဘာ့ရေးရာကိစ္စများကို ရင်ဆိုင်ဖြေရှင်းသည့်နေရာတွင် တူညီသည့် အာဆီယံသဘောထားရရှိအောင် ကြိုးပမ်းမှုများကို စတင်နေပြီဖြစ်ပါကြောင်း၊ ယခုနှစ် အာဆီယံသည်စည်းလုံးမှုကို အလေးထားကြောင်း ပြသသည့်အနေဖြင့် မိမိတို့အားလုံးနှင့် သက်ဆိုင်သည့်ကိစ္စများကို အမြန်ဆုံးအရေးယူဆောင်ရွက်ခဲ့ပြီးသည့်နောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မလေးရှားခရီးသည်တင်လေယာဉ်ပစ်ချခံရခြင်း၊ ဘာသာရေးအစွန်းရောက်တို့၏ လုပ်ရပ်များအပေါ် ပြတ်သားသည့် ရပ်တည်ချက်များ ထုတ်ပြန်ခဲ့သကဲ့သို့ ဖိလစ်ပိုင်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးရလဒ်ကိုလည်း ဝမ်းမြောက်စွာကြိုဆိုခဲ့ပါကြောင်း။

အာဆီယံ၏ ဗဟိုအချက်အချာကျမှုကိုထိန်းသိမ်းပြီး အာဆီယံအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ်မှာလည်း အာဆီယံ၏ဘုံရပ်တည်ချက်များ ဖော်ထုတ်ပြီး အာဆီယံ၏စည်းလုံးမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက အလေးထားနိုင်သော ခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို ပြသနိုင်ခဲ့ပါကြောင်း၊ ဒေသပြင်ပရှိနိုင်ငံများနှင့် ဆက်ဆံရေးဆိုင်ရာ အာဆီယံ "မူ"နှင့် "စံနှုန်း"များသည်လည်း ဒေသတွင်း တည်ငြိမ်၊ အေးချမ်း၊ လုံခြုံရေးကို များစွာ အထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ ယင်းအချက်များကြောင့် အခြားဒေသမှာရှိသည့် နိုင်ငံများအနေဖြင့် အာဆီယံနှင့် ပိုမိုထိတွေ့ဆက်ဆံလိုသည့်ဆန္ဒများကို ပြသခဲ့ကြခြင်းဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အာဆီယံအသိုက်အဝန်း(၃)ရပ်၏ လမ်းပြမြေပုံများကို အကောင်အထည်ဖော်နေသည့် လုပ်ငန်းရပ်များသည် ၈၀ ရာခိုင်နှုန်းမျှ ပြီးစီးနေသော်လည်း ကျန်ရှိနေသည့် ၂၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ရေးသည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ၂၀၁၅ ခုနှစ်လွန်ကာလတွင် ပေါ်ထွက်လာမည့် အာဆီယံအသိုက်အဝန်းအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရမည့် ကိစ္စရပ်များသည်လည်း စိန်ခေါ်မှုများအဖြစ်ရှိနေမည် ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအပေါ် သက်ရောက်သည့် သဘာဝဘေးအန္တရာယ်များနှင့် ပြင်ပဂယက်အချို့ဖြစ်သည့် ကမ္ဘာ့စီးပွားရေး

**စာမျက်နှာ ၉ သို့** ✳



**(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။** (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနှင့် အရှေ့အာရှထိပ်သီးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့တက်ရောက်မည့် အာဆီယံနှင့် အရှေ့အာရှထိပ်သီးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့ည ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနရှိ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ရှေးဦးစွာ အာဆီယံနိုင်ငံများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦးမှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေး အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ခေါင်းဆောင်များ၊ ဇနီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အဆိုအကများ၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

**✱ စာမျက်နှာ ၈ မှ**

မရေမရာမှုများအပြင် အီဘိုလာရောဂါပိုးကဲ့သို့ ကူးစက်ရောဂါများ၊ အကြမ်းဖက်နှင့် အစွန်းရောက်ဝါဒအစရှိသည့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါကြောင်း၊ ဤနေရာ၌ အာဆီယံ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းပြီး ရင်ဆိုင်လာနေရသည့် စိန်ခေါ်မှုများကို စည်းလုံးညီညွတ်စွာ တွန်းလှန်နိုင်သောစွမ်းရည်များ စဉ်ဆက်မပြတ်ထူထောင်ရန် လိုအပ်သည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း။

ထို့ကြောင့် အာဆီယံအနေဖြင့် အောင်မြင် တိုးတက်မှုများရရှိခဲ့သည့်တိုင် ၎င်းအောင်မြင်မှုများအပေါ် ရောင့်ရဲမနေသင့်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ပေါ်ထွန်းလာခြင်းသည် အာဆီယံအတွက် အဆင့်သစ်တစ်ခုကို တက်လှမ်းလိုက်ခြင်းဖြစ်ပြီး ပိုမိုစည်းလုံးညီညွတ်စွာ ပေါင်းစည်းရေး၊ အဖွဲ့အစည်း၏လည်ပတ်မှု ပိုမိုထိရောက်မှုရှိစေရေး၊ ပူးပေါင်းညှိနှိုင်းမှု ပိုမိုအားကောင်းစေရေး၊ ပိုမိုသက်လုံကောင်းပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်သည့် အသိုက်အဝန်းတစ်ရပ် အနေဖြင့် ဆက်လက်တည်ရှိနိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် အသိုက်အဝန်းတစ်ရပ်အဖြစ် ပေါ်ပေါက်လာပြီး ပေါင်းစည်းမှု အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိလာသည့်အချိန်တွင် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်တချို့ကိုလည်း အလေးထားပြောကြားလိုပါကြောင်း၊ ပထမအချက်အဖြစ် အာဆီယံအနေဖြင့် တည်ဆောက်ပြီး စံနှုန်းများချမှတ်ပြီး စည်းမျဉ်းများကို လိုက်နာ အကောင်အထည်ဖော်မှု မြှင့်တင်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်ကြပြီး ယင်းစံနှုန်းများကို ပိုမိုကျယ်ပြန့်စွာမြှင့်တင်သွားကြရန် လိုအပ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းကို အခြေခံသည့် အာဆီယံသည် မိမိတို့၏ ဂုဏ်အင်္ဂါနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် အာဆီယံနှင့် မိတ်ဖက်တို့အကြား တည်ရှိပြီးဖြစ်သည့် ဆက်သွယ်ဆောင်ရွက်မှုယန္တရားသာမက ပေါ်ထွန်းလာမည့်ဒေသအတွင်း ဗိသုကာတည်ဆောက်မှုများတွင် အာဆီယံအနေဖြင့် အချက်အချာကျကျပါဝင်နိုင်ရန် မဟာဗျူဟာတစ်ရပ်ရှိရန်လိုအပ်ပါကြောင်း။

တတိယအချက်အနေဖြင့် အာဆီယံသည် စီးပွားရေးပေါင်းစည်းမှု မြှင့်တင်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလမ်းကို လျှောက်လှမ်းရင်း ဖွံ့ဖြိုးမှုအရှိန်အဟုန် ဆက်လက်ထိန်းသိမ်း မြှင့်တင်ခြင်းဖြင့် အများပါဝင်နိုင်သည့် ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ဆင်းရဲမှုနှင့် ဖွံ့ဖြိုးမှုကွာဟချက်ကို လျှော့ချပေးကြရမည်ဖြစ်ပါကြောင်း။

စတုတ္ထအချက်အနေဖြင့် ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများ ပိုမိုပေါင်းစည်းမှု ကြုံတွေ့လာချိန်တွင် အာဆီယံ၏ ကြံ့ခိုင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်မြှင့်တင်နေရမည် ဖြစ်ပါကြောင်း။

အရေးကြီးဆုံး အချက်အနေဖြင့် အာဆီယံ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရန်၊ လုပ်ငန်းစဉ်များ အချိတ်အဆက်မိမိရှိစေရန်၊ အဆုံးအဖြတ်ပြုမှုများ ထိရောက်စွာဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းများကို စနစ်တကျ ကြပ်မတ်အစီရင်ခံမှုနှင့် အကောင်အထည်ဖော်နိုင်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အာဆီယံ ခေါင်းဆောင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**● နိုင်ငံတော်သမ္မတမှ**

အာဆီယံနိုင်ငံ ခေါင်းဆောင်များ ရှေ့မှောက်တွင် စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့ပြီး ဗီဒီယိုမှတ်တမ်းပြသခဲ့သည်။

ယင်းဗဟိုဌာနကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ထူထောင်မည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုစေမည့် နည်းပညာများနှင့် ပတ်သက်၍ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို အာဆီယံနိုင်ငံအချင်းချင်းအကြားတွင်လည်းကောင်း၊ အာဆီယံနိုင်ငံမဟုတ်သည့် နိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အစည်းအဝေးကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များသည် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ်လွန် အနာဂတ် အာဆီယံအသိုက်အဝန်း အတွက် မျှော်မှန်းချက်ချမှတ်ရေးကိစ္စ၊ အာဆီယံအဖွဲ့အစည်းများအား ပိုမိုခိုင်မာစေရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံရေးအရ စည်းလုံးခိုင်မာပြီး စီးပွားရေးအရ တောင့်တင်းကာ လူမှုရေးအရသဟဇာတဖြစ်သည့် အသိုက်အဝန်းဖြစ်စေရေးနှင့် ဒေသတွင်းပြည်သူများ၏ လိုလားတောင့်တချက်များနှင့် လိုက်လျောညီထွေရှိစေရေး ကြိုးပမ်းကြရန် ၎င်းတို့၏ အမြင်များကို ဖလှယ်ခဲ့ကြသည်။

အလားတူ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းထူထောင်ရေး မျှော်မှန်းချက်ဆိုင်ရာ နေပြည်တော်ကြေညာချက်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအား အားဖြည့်ခိုင်မာစေရေးနှင့် အာဆီယံ အဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေး ကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံတကာ ရာသီဥတုပြောင်းလဲခြင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ အစွန်းရောက်မှုများနှင့် ကူးစက်နိုင်သော ရောဂါများအား တိုက်ဖျက်ခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ စသည့်ကိစ္စများတွင် ဒေသတွင်းနှင့် နိုင်ငံတကာ၌ ပိုမိုပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများဖြစ်သည့် တောင်တရုတ်ပင်လယ်အရေးကိစ္စ၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံများမှ အစွန်းရောက်/အကြမ်းဖက်မှုများ၏ ခြိမ်းခြောက်မှုများနှင့် အီဘိုလာဗိုင်းရပ်စ်ရောဂါ ပြန့်ပွားမှုများနှင့် စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ-လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား တည်ဆောက်လျက်ရှိ

**တာချီလိတ် နိုဝင်ဘာ ၁၂**

မြန်မာ-လာအို ချစ်ကြည်ရေးမဲခေါင်မြစ်ကူးတံတားသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲတွင် တည်ရှိသည်။

အဆိုပါမြန်မာ-လာအို ချစ်ကြည်ရေးမဲခေါင်မြစ်ကူးတံတားသည် ဘိုးပိုင်အုတ်မြစ်၊ သံမဏိသံပေါင်ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ကြောင်းသိရပြီး တံတားအရှည် ၆၉၁ ဒသမ ၆ မီတာ၊ ခန်းဖွင့်အကျယ် ၃၀ မီတာ × ၆ ခန်း၊ ၁၂၀ မီတာ × ၃ ခန်း၊ ၃၀ မီတာ × ၅ ခန်းတို့ဖြစ်ကာ ယာဉ်သွားလမ်း ၈ ဒသမ ၅ မီတာ၊ လူသွားလမ်း ၁ ဒသမ ၂ မီတာနှင့် ရေလမ်းကင်းလွတ်အကျယ်မီတာ ၁၁၀၊ အမြင့် ၁၀ မီတာတို့ဖြင့် ဆောက်လုပ်ထားရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းအလေးချိန် ၇၅ တန်ဖြစ်သည်။ အဆိုပါ မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

**(ဝ၄ဝ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ သူ့ဂုဏ်၊ သူ့သိက္ခာဖြင့် နေနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးဇော်မြင့်ဖေက အရေးကြီးအဆိုအဖြစ် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် အောင်မြင်စွာဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးသင့်သည့် နိုင်ငံ့ဝန်ထမ်းများ(တပ်မတော်သားနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အပါအဝင်)အတွက် ထိုက်သင့်သောလစာ၊ စရိတ်များ တိုးမြှင့်သတ်မှတ်ပေးရေး၊ အလုပ်သမားများ သင့်တင့်မျှတသော အနိမ့်ဆုံးလုပ်ခ၊ လစာရရှိရေးအတွက် လိုအပ်လျက်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားများဘဝ တိုးတက်ရေးအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ လိုအပ်သည့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ဆောလျင်စွာ ထုတ်ပြန်သတ်မှတ်ပေးရေး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သင့်တင့်မျှတစွာ ပြင်ဆင်သတ်မှတ်ရေးတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စတင်သည့်ကာလမှစ၍ အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုတင်သွင်းရာတွင် အဆိုရှင်က ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသည့်အစိုးရ ဖြစ်ရန်အတွက် အစိုးရယန္တရားတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများသည် မရှိမဖြစ် အရေးပါသည့် လူသားအရင်းအမြစ်အင်အားစုကြီး ဖြစ်ပါကြောင်း၊ အဆင့်ဆင့်ဝန်ထမ်းများ၏ လစာနှုန်းများ ပြောင်းလဲတိုးမြှင့်ပြင်ဆင်ခဲ့သော်လည်း ဝင်ငွေ/ထွက်ငွေ မျှတမှုရှိအောင် ဝန်ထမ်းအဆင့်တိုင်းသည် ခက်ခက်ခဲခဲ ရုန်းကန်ကြိုးစားနေကြရပါကြောင်း၊ ဝင်ငွေ/ထွက်ငွေ မမျှသည့်ဒဏ်ကို ခံစားနေရပါကြောင်း။

ထိုမညီမျှမှုကို ထိုက်ထိုက်တန်တန် ပြင်ပေးသင့်ပြီ ဖြစ်ပါကြောင်း၊ ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်နှင့် အုပ်ချုပ်မှုမဏ္ဍိုင်ဖြစ်သည့် အစိုးရအဖွဲ့တို့က ညှိနှိုင်းသုံးသပ်ပြင်ဆင်ပေးသင့်ပါကြောင်း၊ အစိုးရအသီးသီး လက်ထက်တွင် ဝန်ထမ်းလစာများကို အကြိမ်ကြိမ် ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု ပြင်ဆင်မည်ဆိုပါက ထိုက်ထိုက်တန်တန် ထိထိရောက်ရောက်ဖြစ်အောင် တိုးမြှင့်ပြင်ဆင်သင့်ပါကြောင်း၊ ဝန်ထမ်းများသိလစောင့်နိုင်ရေး၊ ကိုယ်ကျင့်တရားကောင်းနိုင်ရေး၊ စိတ်ဓာတ်အင်အား တောင့်တင်းရေး၊ အလုပ်အပေါ် စေတနာထားဆောင်ရွက်နိုင်ရေးအတွက် အားလုံးက တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ညှိနှိုင်းစီမံဆောင်ရွက်ပေးသင့်ပါကြောင်း၊ လက်ရှိဝန်ထမ်းလစာနှင့်စရိတ်ကို ချင့်ချိန်သည့်နေရာတွင် ငွေရေးကြေးရေးရှုထောင့်မှသာမက နိုင်ငံရေးရှုထောင့်၊ အုပ်ချုပ်ရေးရှုထောင့်မှပါ မျှတအောင် ချင့်ချိန်တွက်ဆရမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများ၏ လစာနှုန်းကို ထိုက်ထိုက်တန်တန် တိုးမြှင့်ပေးရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ အခြေခံနိုင်ငံသားများဖြစ်သည့် အလုပ်သမားများ၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက်လည်း လိုအပ်သည့် ဥပဒေအချို့ကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သော်လည်း လက်တွေ့လုပ်ဆောင်ရာတွင် လိုအပ်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာဌာနများက ထုတ်ပြန်သတ်မှတ် ပြဋ္ဌာန်းခြင်းမရှိသေးသည့်အတွက် မလိုလားအပ်သည့် နောက်ဆက်တွဲ အကျိုးဆက်ပြဿနာများကို ဖြေရှင်းနေကြရပါကြောင်း။



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ကျင်းပစဉ်။**
(သတင်းစဉ်)

ထို့ကြောင့် ဝန်ထမ်းများ၏လစာကို ကိုင်တွယ်ဖြေရှင်းသည့်နည်းတူ အလုပ်သမားများ၊ တောင်သူလယ်သမားများ၏ ဘဝလုံခြုံစိတ်ချရေးကို အထောက်အကူဖြစ်စေမည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်သတ်မှတ်ပြီး ထိရောက်သည့် အကျိုးခံစားခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ယခုအဆိုကို အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အပိုင်းက ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ နားလည်မှုရှိရှိဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွား၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ သူ့ဂုဏ်၊ သူ့သိက္ခာဖြင့် နေနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့နေနိုင်မှသာ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းပြီးသော အလုပ်သမားဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများအား အောက်ခြေတွင် ဆောင်ရွက်နိုင်အောင် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုပါရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော် ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့အစည်းများ၏ အသုံးစရိတ်များအပါအဝင် ဥပဒေကြမ်းဖြင့် တင်ပြထားသော ရငွေသုံးငွေများနှင့် ဥပဒေကြမ်းအကြောင်းအရာများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း အတည်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။ **(သတင်းစဉ်)**



## အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရန်ဒရာမိုဒီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေသော အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရန်ဒရာမိုဒီနှင့် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ် သဇင်ဆောင်၌ တွေ့ဆုံခဲ့သည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

### မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

**၁၃-၁၁-၂၀၁၄ (ကြာသပတေးနေ့)**

**(၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ အဖိတ်နေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၀ | မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (အဌမဆယ်စုနှစ်) (အပိုင်း-၁) |
| ၈း၁၅ | "(၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး များဖွင့်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" |
| ၁၀း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်"(အပိုင်း-၈၀) |
| ၁၂း၃၀ | ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ |
| ၅း၁၅ | "အာဆီယံဥက္ကဋ္ဌရာထူးတာဝန် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" |
| ၆း၀၀ | ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -မြန်မာနိုင်ငံရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း "အချိန်တိုင်း နေရာတိုင်း" (အပိုင်း-၁၂) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းဦး၊ စိုင်းစည်တွမ်ခမ်း၊ ထွန်းအိန္ဒြာဗို၊ မိုးဟေကို၊ ဖွေးဖွေး၊ အေးမြတ်သူ၊ ယဉ်လတ်၊ ရွှေမင်းသမီး) (ဒါရိုက်တာ-ဝိုင်း) |



# အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်အိုဘားမား နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ ကျင်းပမည့် (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည့် အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်အိုဘားမား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော် လေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်သမ္မတနှင့် အဖွဲ့အား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား မောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# မီဒီယာနယ်ပယ်မှ သုံးသပ်စကားသံ

**မြန်မာနိုင်ငံအနေဖြင့် ယနေ့တွင် အာဆီယံထိပ်သီးအစည်းအဝေးကြီးကို လက်ခံကျင်းပပြီး နိုဝင်ဘာ ၁၃ ရက်တွင် အာဆီယံဒေသတွင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ တက်ရောက်မည့် အရှေ့အာရှထိပ်သီးအစည်းအဝေးကို ကျင်းပတော့မည်ဖြစ်ရာ အာဆီယံထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းရယူနိုင်ရန် ရောက်ရှိနေကြသော နိုင်ငံအသီးသီးမှ မီဒီယာများနှင့်တွေ့ဆုံကာ အစည်းအဝေးရလဒ်နှင့် အကျိုးဆက်များအပေါ် ထင်မြင်ယူဆချက်များကို မေးမြန်းခဲ့ပါသည်။**

**Kurt Stanton**
**Asia Desk Editor**
**Kyodo News**

မြန်မာနိုင်ငံမှာ အာဆီယံဥက္ကဋ္ဌ တာဝန်နဲ့ ဒီပွဲကိုကျင်းပခဲ့တာ ကျေနပ်စရာကောင်းပါတယ်။ အခြားနိုင်ငံတွေမှာထက် မြန်မာပြည်မှာ ဒီလို နိုင်ငံတကာ အဆင့်မီပွဲကြီးတစ်ပွဲအတွက် ရှုထောင့်စုံက ပြင်ဆင်ထားတာကို အားလုံးလည်း အံ့သြမိပါတယ်။ အခက်အခဲမရှိသလောက်ပါပဲ။ အစည်းအဝေးတွေရဲ့ရလဒ်တွေအနေနဲ့ကတော့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရွေးရှုကြတာဖြစ်တဲ့အတွက် ချက်ချင်းလက်ငင်း အကျိုးရလဒ်အနေနဲ့ ပြောရခက်ပါတယ်။ အဓိကကတော့ အာဆီယံဒေသရဲ့ပေါင်းစည်းမှုကနေ ပိုပြီးကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ရပ်ဖြစ်အောင် ရွေးရှုဆောင်ရွက်ကြတယ်လို့ မြင်ပါတယ်။ အာဆီယံရဲ့ အခန်းကဏ္ဍကတော့ တိုးတက်မှုရှိပြီး အားလုံးရဲ့ အာရုံစိုက်မှုကို ရရှိနေပါတယ်။

**An Khoun Samaum**
**National Television of Cambodia (TVK)**

မြန်မာနိုင်ငံကိုလာရတာ ကောင်းပါတယ်။ နေပြည်တော်ဆိုတာလည်း အဆင့်အတန်းရှိတဲ့ မြို့ကြီးတစ်မြို့လို့ မြင်ပါတယ်။ အဆောက်အအုံတွေလည်း သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျဆောက်ထားတာ တွေ့ရပါတယ်။ မီဒီယာတွေအတွက် ပြင်ဆင်ထားတာလည်း ပြည့်စုံပါတယ်။ တစ်ခုကတော့ သတင်းထုတ်ပြန်ချက်တွေ နောက်ကျတာပါပဲ။ မနက်ကထွက်ရမယ့် ကြေညာချက်တွေ အခု ၄ နာရီအထိ မရသေးဘူး။ ဒါလေးတစ်ခုတော့ အဆင်မပြေဖြစ်ပါတယ်။ ထွက်တဲ့အချိန်နောက်ကျတော့ ကမ္ဘာတစ်ဝန်းလုံးက စောင့်ကြည့်နေတဲ့ သတင်းပရိသတ်အတွက် သတင်းနောက်ကျသွားပါတယ်။ မြန်မာနိုင်ငံမှာ လုပ်တဲ့ ဒီလိုပွဲကြီးမျိုးကို အားလုံးက စိတ်ဝင်စားပြီး ဘယ်လိုရလဒ်တွေ ထူးထူးခြားခြားဖြစ်မလဲဆိုတာ စောင့်ကြည့်နေကြပါတယ်။ မနက်ဖြန်တော့ ဒီလိုဆက်မဖြစ်အောင် သက်ဆိုင်တဲ့သူတွေကို ပြောပြပေးပါ။

**THUC MINH**
**(Nguyen Thi Thuc)**
**Singapore Bureau Chief**
**THANH NIEN Newspaper**

အခုချိန်ထိ သတင်းအတွက် ဘာအချက်အလက်မှ မရသေးဘူး။ တကယ်တော့ သတင်းသမားအတွက် အစည်းအဝေးပြီးရင် ရသင့်တယ်။ ဒါမှ သူတို့လည်း အလုပ်လုပ်လို့ရမယ်လေ။ ဒါမှသာ သတင်းသမားက ဒီနေ့အလုပ်လုပ်ပြီး နောက်နေ့ သတင်းတွေ ထွက်လာမှာလေ။ အခုထိတော့ စောင့်နေရတုန်းပဲ။

မြန်မာနိုင်ငံရဲ့ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တဲ့ အခြေအနေ ပြီးတော့ အာဆီယံနဲ့ဆိုင်တဲ့ အခြေအနေတွေအားလုံးက ထုတ်ပြန်ချက်တွေ၊ ကြေညာချက်တွေပေါ်မှာပဲ မူတည်နေပါတယ်။

**ဝင်းကိုကိုလတ်**
**အယ်ဒီတာ**
**မဇ္ဈိမမီဒီယာဂရုပ်**

သတင်းသမားတွေအတွက် အရင်တုန်းက မီဒီယာအခန်းက တစ်ခုတည်း။ အခုကျတော့ နှစ်ခန်းဖြစ်သွားတယ်။ အပြင်က မီဒီယာစင်တာက သတင်းသမားတွေအတွက် သွားရတာ အဆင်မပြေဘူး။ အပေါ့အပါးသွားတာကအစ ဝေးတယ်။ အခုကျင်းပတာ မြန်မာနိုင်ငံရဲ့ ဥက္ကဋ္ဌဖြစ်ချိန်မှာ နောက်ဆုံးတာဝန်ယူရတဲ့ Summit ကြီးပါ။ သတင်းထုတ်ပြန်မှုအပိုင်းမှာလည်း အားနည်းတယ်။ မီဒီယာသမားတွေက ရတဲ့စာရွက်လောက်ပဲရေးရတဲ့သဘော ဖြစ်နေတယ်။ သက်ဆိုင်ရာလူကြီးတွေကို အင်တာဗျူးလို့မရဘူး။ ဒါတွေက အားနည်းတယ်လို့ ထင်ပါတယ်။ သတင်းထုတ်ပြန်ရေးနဲ့ သတင်းရယူမှုမှာ ဒီထက်ပိုပြီး အဆင်ပြေချင်တယ်။ တခြား access တွေကတော့ အဆင်ပြေပါတယ်။ အင်တာနက်လိုင်းတွေလည်း ကောင်းပါတယ်။ ဒါပေမယ့် သတင်းသမားတွေဆိုတော့ သတင်းအတွက် ပိုပြီးအဆင်ပြေချင်တယ်။

**တွေ့ဆုံမေးမြန်း**
**မိုးသူဇာစိုး၊ ဟန်နီဝင်း**

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီ၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၄၀ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

# တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်း နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ ကျင်းပမည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီခချန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားမောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ရုရှားဝန်ကြီးချုပ်၊ သြစတြေးလျဝန်ကြီးချုပ်နှင့် နယူးဇီလန်ဝန်ကြီးချုပ်တို့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ ကျင်းပမည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ သြစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအဲ့ဘော့တ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် ဂျွန်ကီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်များနှင့်အဖွဲ့များအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားမောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ကျင်းပမည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်မည့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား မောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ကိုရီးယားနိုင်ငံ သမ္မတ ပတ်ဂွန်ဟေး နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၌ကျင်းပမည့် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပတ်ဂွန်ဟေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်သမ္မတနှင့်အဖွဲ့အား စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား မောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■ **ကျောဖုံးမှ**

အာဆီယံစီးပွားရေးအသိုက်အဝန်းကို ထူထောင်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများရှိသလို စိန်ခေါ်မှုများစွာလည်းရှိနေရာ ၎င်းတို့အနက် ဒေသတွင်းပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုနှုန်းကွာဟချက်လျှော့ချရေးတို့အတွက် ဒေသတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအားပေးမြှင့်တင်ပေးရမည်ဟုလည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယမန်နေ့ကကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် အာဆီယံစီးပွားရေးအကြံပေးကောင်စီကလည်း ၂၀၁၄ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများချမှတ်ရာတွင် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားမြှင့်တင်ရေးကို အဓိကအားပေးဖော်ပြထားသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များစွာရှိသည့်အနက် ငွေကြေး၊ ဈေးကွက်ရှာဖွေဖော်ထုတ်ရေး၊ ထုတ်လုပ်မှုနှင့် လူ့စွမ်းအား၊ နည်းပညာစသည့်လေးချက်သည် အဓိကလိုအပ်ချက်များဖြစ်ကြောင်းနှင့် SMEs များအား ကောင်းမွန်သည့်ဝန်းကျင်ကောင်းတစ်ခု ထူထောင်နိုင်ရန် နိုင်ငံတော်အပိုင်းကလည်း ဥပဒေ၊ နည်းဥပဒေများ ပံ့ပိုးကူညီပေးရန်လိုကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း သုံးသပ်သည်။

ဒေသတွင်းနိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ကို စတင်အကောင်အထည်ဖော်ရန် ကြိုးစားလျက်ရှိသည်။ တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှုအခြေခံဒေသ၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ၊ စီးပွားရေးဖွံ့ဖြိုးမှုမျှတသောဒေသ၊ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းမှုရှိသော ဒေသစသည်ဖြင့် ရည်မှန်းချက်များအား ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**(နန္ဒာဝင်း)**

# အာဆီယံထိပ်သီးအစည်းအဝေးများ

**အောင်ထူး**

အာဆီယံအဖွဲ့အစည်းအတွက် အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းမှာ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ခေါင်းဆောင်များ တက်ရောက်သည့် ထိပ်သီးအစည်းအဝေးဖြစ်ပါသည်။ အာဆီယံကို ၁၉၆၇ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော်လည်း အာဆီယံထိပ်သီးအစည်းအဝေးကို ၁၉၇၆ ခုနှစ်မှ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် စတင်ကျင်းပဖြစ်ပါသည်။ ယင်းအစည်းအဝေးမှ ဘာလီသဘောတူညီချက်(၁)ကို ချမှတ်နိုင်ခဲ့ပါသည်။ အာဆီယံထိပ်သီးအစည်းအဝေးပွဲများကို အစောပိုင်းတွင် ပုံမှန်ကျင်းပခဲ့ခြင်းမရှိပေ။ ၁၉၉၅ ခုနှစ် ပဉ္စမအကြိမ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးမှ စ၍ အာဆီယံထိပ်သီးအစည်းအဝေးများကို (၂)နှစ်လျှင် တစ်ကြိမ်ပုံမှန်ကျင်းပလာခဲ့ပါသည်။ ယင်းပုံမှန်အစည်းအဝေးများအကြားတွင် အလွတ်သဘောထိပ်သီးအစည်းအဝေးများကိုလည်း (၂)နှစ်တစ်ကြိမ် ကျင်းပခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ စတင်၍ အာဆီယံနိုင်ငံများ၏ အင်္ဂလိပ်အက္ခရာစဉ်အလိုက် နှစ်စဉ်ကျင်းပလာခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပရမည့်နှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံအကျိုးအတွက် ဥက္ကဋ္ဌအဖြစ်တာဝန်ယူမှုကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ထိပ်သီးအစည်းအဝေးပွဲတွင်လည်း လေမုန်တိုင်းဒဏ်ကြောင့် ၂၀၀၇ ခုနှစ်သို့ ရက်ပြောင်းသတ်မှတ်ခဲ့သဖြင့် ၂၀၀၆ ခုနှစ်အတွင်း အာဆီယံထိပ်သီးအစည်းအဝေးကို ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံအနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ပါသည်။

အာဆီယံပဋိညာဉ်စာတမ်း၏ အခန်း(၄)အပိုဒ်(၇)အရ အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံ၏ မူဝါဒချမှတ်ပေးသည့် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပါသည်။ အာဆီယံ၏ ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသော အဓိကကျသည့် ကိစ္စရပ်များအပေါ်တွင်လည်းကောင်း၊ အသင်းဝင်နိုင်ငံများ၏ အကျိုးစီးပွားအတွက် အရေးကြီးသောကိစ္စရပ်များအပေါ်တွင်လည်းကောင်း၊ အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊ အာဆီယံအသိုက်အဝန်းကောင်စီများနှင့် အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက်အဖွဲ့အစည်းများက တင်ပြလာသည့် ကိစ္စရပ်များအပေါ်တွင်လည်းကောင်း ဆွေးနွေးခြင်း၊ မူဝါဒပိုင်းဆိုင်ရာလမ်းညွှန်မှုပေးခြင်းနှင့် ဆုံးဖြတ်ခြင်းပြုရန် ဖြစ်ပါသည်။

အာဆီယံထိပ်သီးအစည်းအဝေးသည် သက်ဆိုင်ရာကောင်စီအသီးသီးမှသက်ဆိုင်ရာဝန်ကြီးများအား အရေးပေါ်ဝန်ကြီးအဆင့်အစည်းအဝေးများ ကျင်းပရန် လမ်းညွှန်ခြင်းနှင့် အသိုက်အဝန်းကောင်စီတစ်ခုထက်မကကျော်လွန်သက်ရောက်မှုရှိသည့် အာဆီယံနှင့် ပတ်သက်သော အရေးကြီးသည့်ကိစ္စရပ်များကို အရေးယူ ဆောင်ရွက်ရန် ညွှန်ကြားရမည်။ အဆိုပါ အစည်းအဝေးများကျင်းပရန် လုပ်ထုံးလုပ်နည်းများကို အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီက ချမှတ်ပေးရန်ဖြစ်ပါသည်။ ထို့အပြင် အာဆီယံနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုရှိမည့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဆောင်ရွက်ရန် သင့်လျော်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။ အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် အခြားသောအာဆီယံအဖွဲ့အစည်းများ ထူထောင်ခြင်းနှင့် ဖျက်သိမ်းခြင်းအပေါ် ခွင့်ပြုချက်ပေးရန်ဖြစ်ပါသည်။ ဝန်ကြီးအဆင့်အတန်းရှိသည့်အာဆီယံအတွင်းရေးမှူးချုပ်၏ရာထူးကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးမှ ထောက်ခံချက်အရ အာဆီယံနိုင်ငံအကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများ၏ ယုံကြည်အားရနှစ်ခြိုက်မှုဖြင့် လုပ်ငန်းဆောင်ရွက်ရန် အာဆီယံထိပ်သီးအစည်းအဝေးမှ ခန့်အပ်ရမည်ဖြစ်ပါသည်။

အာဆီယံပဋိညာဉ်စာတမ်းပေါ်ပေါက်လာပြီးနောက်တွင် အာဆီယံထိပ်သီးအစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများက အင်္ဂလိပ်အက္ခရာစဉ်အရ အလှည့်ကျဥက္ကဋ္ဌရာထူးကို ဆောင်ရွက်ရန်ဖြစ်ပြီး အာဆီယံထိပ်သီးအစည်းအဝေးများကိုလည်း တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရန်ဖြစ်ပါသည်။ လိုအပ်သည့်အခါတွင် အထူး သို့မဟုတ် အရေးပေါ်အစည်းအဝေးများကို အာဆီယံဥက္ကဋ္ဌရာထူးကို ရယူထားသည့်နိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘောတူသည့်နေရာတွင် ကျင်းပရန်ဖြစ်ပါသည်။

သို့ဖြစ်၍ ထိုင်းနိုင်ငံအနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက်တွင် အာဆီယံဥက္ကဋ္ဌရာထူးကို ၂၀၁၀ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံမှလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံမှလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံမှလည်းကောင်း အသီးသီးဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ။

# အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်ညီလာခံ ကိုရီးယားနိုင်ငံ ဘူဆန်တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုနှစ်တွင် ၂၅ နှစ်ပြည့်မြောက်ခဲ့သည်။ ထို့အတွက် အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ညီလာခံကို ယခုနှစ် ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်များတွင် ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသွားမည်ဟု သိရှိရသည်။




ကိုရီးယားနိုင်ငံသည် အာဆီယံ၏ ဒုတိယကုန်သွယ်မှုအကြီးဆုံး မိတ်ဖက်နိုင်ငံလည်းဖြစ်သည်။ အာဆီယံနိုင်ငံများသို့ ကိုရီးယားနိုင်ငံမှ အလည်အပတ် လာရောက်မှုသည် ၄ သန်းကျော်ရှိပြီး အာဆီယံနိုင်ငံများမှ ကိုရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်မှုသည် ၁ သန်းကျော်ရှိကြောင်း သိရသည်။ ကိုရီးယားနိုင်ငံ သမ္မတ ပတ်ဂွန်ဟေးက ယခုကဲ့သို့ အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ညီလာခံကို ကျင်းပရခြင်းသည် မိတ်ဖက်နိုင်ငံအချင်းချင်း စိတ်ချယုံကြည်မှုနှင့် ပျော်ရွှင်မှုတို့ကို ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ၂၀၁၃ ခုနှစ် အောက်တိုဘာလက ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ညီလာခံတွင် ပြောကြားခဲ့သည်။

အစည်းအဝေးလက်ခံကျင်းပမည့် ဘူဆန်မြို့သည် လူဦးရေ ၃ သန်းကျော်ရှိပြီး ကိုရီးယားနိုင်ငံတောင်ပိုင်းတွင် တည်ရှိကာ အာရှရုပ်ရှင်ဆိုင်ရာ ဗဟိုအဖြစ်လည်းကောင်း၊ အရှေ့တောင်အာရှ၏ စီးပွားရေးဆိုင်ရာ ဗဟိုချက်အဖြစ် လည်းကောင်း တည်ရှိသည်။ ထို့ပြင် ၂၀၀၅ ခုနှစ်တွင် APEC Summit ၊ ၂၀၀၂ ခုနှစ်တွင် အာဆီယံအားကစားပွဲတော် စသည့် နိုင်ငံတကာပွဲများကိုလည်း လက်ခံကျင်းပခဲ့ဖူးကြောင်း သိရသည်။

**ဟန်နီဝင်း(သတင်းစဉ်)**

◆◆◆◆◆



# ချယ်ရီသင်္ဘောများ အခမဲ့စီးနင်းခွင့်ပြုမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ချယ်ရီ (၁)၊ (၂)၊ (၃) အမည်ရှိ ပန်းဆိုးတန်း-ဒလကူးတို့ နှစ်ထပ်ရေယာဉ်ကြီးများကို နိုဝင်ဘာ ၁၅ ရက်တွင် ကြီးကျယ်ခမ်းနားစွာ ဖွင့်ပွဲကြီးပြုလုပ်၍ နိုဝင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်တို့တွင် သင်္ဘောစီးခရီးသည်များကို အခမဲ့စီးနင်းခွင့်ပြုပြီး လက်ဆောင်ပစ္စည်းများလည်း ဝေငှမည်ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ သင်္ဘောများသည် အရှည် ၁၃၂ ပေ ၆ လက်မ၊ အကျယ် ၃၁ ပေ၊ အနက် ၈ ပေရှိပြီး ခရီးသည် ၁၂၀၀ လိုက်ပါစီးနင်းနိုင်ပြီး Life Jacket ၁၂၁၂ ခုပါဝင်ကာ ခရီးသည်ထိုင်ခုံ လေးဦးထိုင် အလုံး ၅၀ ပါဝင်သည်။

ရေယာဉ်အသစ်ကြီးဖြင့် ခရီးသွားလာကြသော ခရီးသည်များကလည်း လူတိုင်းကိုယ်စီ စည်းကမ်းရှိစွာ စီးနင်းပါက သင်္ဘောသစ်ကြီးကလည်း အသစ်အတိုင်းဖြစ်နေမည်ဖြစ်သည်။ ယခင်ကာလပြေးဆွဲခဲ့သော ကူးတို့ရေယာဉ်များတွင် စည်းကမ်းမဲ့စွာ သွားလာနေထိုင်မှုများကို သင်္ဘောဟောင်းနှင့်အတူ ထားခဲ့ကြလျှင် ပိုကောင်းမည်ဟု ကျိုက်လတ်မြို့မှ ခရီးသွားဦးလှမောင်က ပြောသည်။ ယင်းကူးတို့လိုင်းသင်္ဘောသည် နံနက် ၅ နာရီမှ ည ၉ နာရီခွဲအထိ တာဝန်ထမ်းဆောင်ရသဖြင့် တစ်နေ့လျှင် ၁၆ နာရီခွဲတာဝန်ထမ်းဆောင်ကြရသူများဖြစ်သဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်မင်း(ဒလ)**

# အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ဇနီးများနှင့်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများ အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များဖြစ်ကြသော ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဇနီးMdm.Naraporn Chan-o-cha၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ဇနီး Mdm. Ban Soon-taek၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၏ဇနီး Mdm. Nguyen Thanh Huong တို့ပါဝင်သော လေ့လာရေးအဖွဲ့ဝင်များသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး ဒေါ်လင်းလင်းတင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းလိုင်းဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

ထို့နောက်လေ့လာရေးအဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိပြီး ပြခန်းပေါင်း ၁၀ ခန်းပါရှိသည့် ပုဂံခေတ်ဗုဒ္ဓအနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် သက္ကရာဇ်(၄၅၂) အေဒီ(၁၀၉၁)တွင် ကျန်စစ်မင်းကြီး တည်ထားပူဇော်သည့်အာနန္ဒာစေတီတော်သို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်းများ ဆက်ကပ်လှူဒါန်းကာ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လေ့လာရေးအဖွဲ့ဝင်များအား ရွှေနန်းတော် နန်းမြင့်မျှော်စင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆက်လက်၍ နန်းမြင့်မျှော်စင်၌ ခင်းကျင်းပြသထားသည့် ရှေးဟောင်းနံရံ ဆေးရေးပန်းချီများ၊ သမိုင်းဝင်လက်မှု အနုပညာပြခန်းများ၊ဘုရားပုထိုးစေတီများ၊ ပုဂံမြို့၏ရှုခင်းအလှများကို ကြည့်ရှုလေ့လာခဲ့ကြပြီး မြင်းကပါရွာရှိ ဂူပြောက်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ကာ ညောင်ဦးလေဆိပ်မှ ညနေ ၄ နာရီခွဲတွင် ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

◆◆◆◆◆

# အာဆီယံဥက္ကဋ္ဌတာဝန်နှင့် မြန်မာနိုင်ငံ၏ သမိုင်းဝင်အောင်မြင်မှု

၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ) တည်ထောင်ခဲ့သည်မှာ ယခုဆိုလျှင် (၄၇) နှစ် ကျော်ခဲ့ပြီ ဖြစ်သည်။ အာဆီယံအဖွဲ့၏ ပထမဦးဆုံးသော မှတ်တိုင်မှာ ၁၉၆၇ ခုနှစ်တွင် အာဆီယံကို မွေးဖွားခဲ့သည့် ဗန်ကောက်ကြေညာစာတမ်းဖြစ်ပြီး ယင်းနောက် ထူးခြားသည့် မှတ်တိုင် မှာ ၁၉၇၆ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် ဖြစ်သည်။ ယင်းသည် အာဆီယံ၏ အထူးခြားဆုံးသောအမြင်နှင့် တန်ဖိုးများကို ဖော်ဆောင်ကာ အရှေ့တောင်အာရှဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကမ္ဘာ့နိုင်ငံများနှင့်ထိတွေ့ဆက်ဆံရေးတို့အတွက် ရည်ရွယ်ထားသည့် သဘောတူညီချက်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီးသို့ ၁၉၉၇ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်စတင်ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်း(၁၇)နှစ်ကြာမှ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သော်လည်း ယခင်က အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူခဲ့သည့် နိုင်ငံများနှင့်မတူဘဲ ရှည်လျားသည့် သမိုင်းကြောင်းအမြင် ရှိသည်နှင့်အညီ ကမ္ဘာ့အရေးနှင့် ဒေသတွင်းအရေးများတွင် မည်ကဲ့သို့ရပ်တည်ရမည်ကို ကောင်းစွာသိရှိပြီး သံတမန်ရေးကျွမ်းကျင်လိမ္မာမှုနှင့် အဆုံးစွန်ပြတ်သားစွာ ရပ်တည်နိုင်မှု၊ အိမ်ရှင်ကောင်းပီသမှုတို့ကို ပြသနိုင်ခဲ့သောကြောင့် ၂၀၁၄ခု နှစ်သည် နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် အာဆီယံအဖွဲ့အတွင်း မှတ်တိုင်တစ်ခုစိုက်ထူနိုင်သည့် သမိုင်းဝင်နှစ် တစ်နှစ်ဖြစ်သည်ဟုဆိုရပေမည်။

၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်းအတွက် မဟာဗျူဟာချမှတ် အကောင်အထည် ဖော်နိုင်ခြင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေး မြှင့်တင်ရာတွင် အာဆီယံစည်းလုံး ညီညွတ်မှုအရေးပါပုံ၊ နိုင်ငံရေးအရ ညီညွတ်သော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေး အရတာဝန်ယူသော အာဆီယံ အသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်ရေးအတွက် အာဆီယံစည်းလုံး ညီညွတ်မှုသည် အဓိကကျသည့်အချက်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

ဒေသတွင်းနှင့် နိုင်ငံတကာတွင် လျင်မြန်စွာပြောင်းလဲနေသော ဖြစ်စဉ်များရှိပြီး အာဆီယံဒေသတွင်းနိုင်ငံများအတွက် အခွင့်အလမ်းများစွာရှိနေသကဲ့သို့ များပြားသည့် စိန်ခေါ်မှုများလည်း ရှိနေသည်။ အာဆီယံဒေသ၏ ပထဝီနိုင်ငံရေးနှင့်စီးပွားရေး ချိန်ခွင်လျှာ ညီမျှစေရန် တုံ့ပြန်မှုများ၊ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အာမခံချက်ပေးမည့် စည်းကမ်းအခြေပြု အသိုက်အဝန်းတစ်ခုပေါ် ပေါက်စေရန် ကြိုးပမ်းမှုများ၊ နိုင်ငံရေးနှင့် လုံခြုံရေးနယ်ပယ်၌ အာဆီယံ၏ ရည်မှန်းချက်များ အကောင်အထည် ဖော်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တူညီသောစံနှုန်းနှင့် တန်ဖိုးများပေါ် ပေါက်ရန် ကြိုးပမ်းမည်ဟု ထပ်လောင်းကတိပြု ပြောကြားခဲ့သည်။

ထို့ပြင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်မြှင့်တင်ရေးနှင့်တရားဥပဒေ စိုးမိုးရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့တွင် အတူတကွ ပါဝင်ဆောင်ရွက်ရန်၊ ထိုသို့ပါဝင်ဆောင်ရွက်မှုတွင် အာဆီယံ ပဋိညာဉ်စာတမ်းပါ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးဆိုင်ရာ လေးစားမှု၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မှု၊ ပြည်တွင်းရေး၌ ဝင်ရောက်မစွက်ဖက်မှုဟူသည့် အခြေခံမှုများကို ဆက်လက်လိုက်နာသွားရန် သဘောတူညီခဲ့ကြသည်။

၂၀၁၅ခုနှစ်တွင် အာဆီယံအသိုက်အဝန်းပေါ် ထွန်းရေးတွင် လူငယ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအပါအဝင် သက်ဆိုင်ရာ အာဆီယံလုပ်ဖော်ကိုင်ဖက် များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများရှိနေသည့်တိုင် အာဆီယံစီးပွားရေး အနေအထားသည် ခိုင်မာတောင့်တင်းလျက်ရှိပြီး သိသာထင်ရှားသော ဆောင်ရွက်ချက်များဖြင့် ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းကို အသင့်ကြိုဆိုနိုင်ခဲ့သည်။

ကုန်သွယ်မှုလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရာတွင် အကောက်ခွန်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံး ဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ အထောက်အကူပြုမှုကို အသိအမှတ်ပြုကာ ယင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရရှိစေမည့် အစီအမံများကို ဆောင်ရွက်နိုင်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် အကျိုးသက်ရောက်မှုများအပေါ် တုံ့ပြန်မှုတွင် အာဆီယံနိုင်ငံများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများ၊ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးမှုကို အထောက်အကူပြုသော ရာသီဥတုဒဏ်ခံ စိုက်ပျိုးရေးစနစ်အသုံးပြုခြင်းတို့ကို စီမံဆောင်ရွက်နိုင်ခဲ့သည်။

အာဆီယံပို့ဆောင်ရေးမဟာဗျူဟာစီမံချက်ကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီး အာဆီယံအား ယှဉ်ပြိုင်စွမ်းအားကောင်းလာသော တစ်ခုတည်းသော လေကြောင်းပျံသန်းရေးဈေးကွက်၊ ဆက်သွယ်ရေးလမ်းမကြီးများကွန်ရက်နှင့် စဉ်ဆက်မပြတ်သော ဘက်စုံသယ်ယူပို့ဆောင်ရေးကွန်ရက်တို့ကို ပိုမိုကောင်းမွန်လာစေရန် ကြိုးပမ်းသွားမည့်အပေါ် ထပ်လောင်းကတိကဝတ်ပြုခဲ့ပြီး အာဆီယံမူဘောင်၏ အရေးပါမှုအပေါ် အခြေခံကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ညီမျှစေရန်နှင့် ဖွံ့ဖြိုးမှုကွာခြားချက် ကျဉ်းမြောင်းလာစေရန် အာဆီယံပေါင်းစည်းမှုနှင့်အတူ အကောင်အထည်ဖော်ဆောင်နိုင်မှုများကို ကြိုဆိုခဲ့ကြသည်။

အာဆီယံအသိုက်အဝန်းကောင်စီ (၃)ခုနှင့် အာဆီယံအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆက်သွယ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အားကောင်းခိုင်မာရေးနှင့် အာဆီယံအဖွဲ့အစည်းများဆိုင်ရာ သုံးသပ်ဆောင်ရွက်ခြင်းများကို အာဆီယံ ညှိနှိုင်းမှုကောင်စီနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သော လုပ်ငန်းအဖွဲ့များမှ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ဒေသတွင်းပြည်သူများအတွက် လူ့အခွင့်အရေးနှင့် အာဆီယံနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများအပေါ် အကာအကွယ်ပြုသွားရန်၊ အထူးသဖြင့် အနုပညာနှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံဒေသတွင်း လူငယ်များ၏ ယှဉ်ပြိုင်မှုများကို လူထုအဖွဲ့အစည်းများ အကြားပိုမိုသိရှိနားလည်ရန် ၂၀၁၅ နှစ်ဆန်းပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပမည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှုကာကွယ်ရေး လုပ်ငန်းစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ နှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများဖြင့် အာဆီယံလူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ထားရှိခဲ့သည်။

ထိုင်းနိုင်ငံအစိုးရနှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (AICHR)တို့အကြား ရွှေ့ပြောင်းလုပ်သားများအရေးနှင့် ပတ်သက်၍

**သတင်းစဉ် (သတင်းအဖွဲ့-၁)**

ဆွေးနွေးမှုများကြောင့် ရလဒ်ကောင်းများရရှိခြင်းနှင့် အာဆီယံ အသိုက်အဝန်းပါ မဏ္ဍိုင်သုံးရပ်လုံးတွင် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအားထုတ်ဆောင်ရွက်နိုင်ခဲ့သည်။

ထိပ်သီးအစည်းအဝေးအပြီးတွင် ကြေညာချက်တစ်စောင်ထုတ်ပြန်နိုင်ခဲ့ပြီး ကြေညာချက်နှစ်စောင်နှင့် အစီရင်ခံစာ / စာတမ်း ခုနစ်စောင်တို့ကို အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်စဉ်အတွင်း နိုင်ငံတော် သမ္မတကြီးသည် အာဆီယံဒေသတွင်းနိုင်ငံများမှ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများနှင့် အထောက်အကူပြု လုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သော နိုင်ငံ့ခေါင်းဆောင်များအား အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်မှ အထင်ကရဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ကို နိုဝင်ဘာ ၁၁ ရက်က ချီးမြှင့်ခံရသည်။ ထိုသို့ ချီးမြှင့်ခံရခြင်းသည် မိမိတို့နိုင်ငံ၏ အကောင်းဆုံးဆောင်ရွက်မှုများကို အသိအမှတ်ပြုသည့် ပြယုဂ်တစ်ခုဖြစ်သည်ဟုလည်း ထင်မြင်မိပါသည်။

ယနေ့အာဆီယံသည် ဒေသတွင်းပေါင်းစည်းရေး ကြိုးပမ်းနေကြသည့် ဒေသများအထဲတွင် အောင်မြင်မှုအရှိဆုံးဒေသတစ်ခုအဖြစ် စံနမူနာပြအဖြစ် သက်သေပြလျက်ရှိသည်။

ထို့အတူ မြန်မာ့မြေပေါ် သို့ နောက်တစ်ကြိမ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ပြန်လည်ရောက်ရှိလာလျှင်လည်း မိမိတို့ နိုင်ငံအနေဖြင့် ယခုတစ်ကြိမ် လက်ခံကျင်းပသည့် အတွေ့အကြုံများကို အခြေခံလျက် ပိုမိုပြည့်စုံစွာ ပိုမိုကောင်းမွန်စွာ ကဏ္ဍအသီးသီးမှ ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါသည်။

ယနေ့ကျင်းပသည့်(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအနေဖြင့် ထုတ်ပြန်ကြေညာချက်ပေါင်း (၄၁) ခုကို ထုတ်ပြန်သွားမည်ဖြစ်သည်။ အာဆီယံဥက္ကဋ္ဌတာဝန် စတင်ထမ်းဆောင်စဉ်မှ တာဝန်ပြီးဆုံးချိန်အတွင်း သိသာထင်ရှားသည့် ဆောင်ရွက်မှုများအဖြစ် မြန်မာ့အရေး၊ အရှေ့တောင်အာရှ နိုင်ငံများအရေးနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်ရသော အရေးကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ပြီး အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို မလေးရှားနိုင်ငံသို့ ပခုံးပြောင်းလွှဲအပ်နိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် သမိုင်းတွင်မည့် တာဝန်တစ်ရပ်ကို တူညီသောစိတ်ထားဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြကာ ငြိမ်းချမ်းဝေစည်သော အာဆီယံအသိုက်အဝန်းဆီသို့ ဆက်လက်ချီတက်နိုင်တော့မည် ဖြစ်သည်။ ။

# ဘော့စနီးယား တိုက်စစ်မှူး ဇက်ကို အစ္စရေးနှင့်ကစားမည့် ယူရိုပွဲစဉ်လွဲချော်မည်



မန်စီးတီးအသင်းမှ ဘော့စနီးယား တိုက်စစ်မှူးဇက်ကိုသည် ခြေသလုံးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် နိုဝင်ဘာ ၁၆ ရက်တွင် အစ္စရေးအသင်းနှင့်ကစားမည့် ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင် ဘော့စနီးယားအသင်းနှင့်အတူ ပါဝင်ပွဲထွက်နိုင် မည်မဟုတ်ဘဲ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဇက်ကို၏ ဒဏ်ရာသည် ပြင်းထန်သောကြောင့် ဆေးဝါး ကုသမှုခံယူရန် လိုအပ်နေကြောင်းနှင့် အနည်းဆုံး ရက်သတ္တသုံးပတ်အထိ အနားယူရမည်ဖြစ်ကြောင်း အသင်း၏ ဆရာဝန်ဖြစ်သူ ကာရာဘတ်က ဘော့စနီးယားဘောလုံးအဖွဲ့ချုပ် ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၈ ရက်က မန်စီးတီး အသင်းနှင့် ကျူပီအာအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူးဇက်ကို ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ဒဏ်ရာပြဿနာကြောင့် ကွင်းလယ်ကစားသမားလမ်းပတ်နှင့် လူစားလဲကစားခဲ့ရသည်။ **(ငွေကြယ်)**

# ဘာစီလိုနာ နောက်ခံကစားသမား မွန်တိုယာအားခေါ်ယူရန် လီဗာပူးစိတ်ဝင်စား

အင်္ဂလန်ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ခံစစ်ကို အားဖြည့်ရန်အတွက် ဘာစီလိုနာအသင်း၏ စပိန်နောက်ခံကစားသမား မွန်တိုယာအားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ လီဗာပူးအသင်းမှာ လာမည့်ဇန်နဝါရီကာလတွင် အသင်း၏နောက်တန်းကို မဖြစ်မနေအားဖြည့်ရန်ပြင်ဆင်နေပြီး ဘာစီလိုနာအသင်းတွင် ပုံမှန်နေရာပျောက်ဆုံးနေသည့် မွန်တိုယာအား စောင့်ကြည့်လာခြင်းဖြစ်သည်။ ထို့ပြင် မွန်တိုယာမှာလည်း ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေကြောင်းသတင်းများထွက်ပေါ်နေပြီး ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း စပိန်သတင်းစာ Marca က ဖော်ပြခဲ့သည်။

လီဗာပူးအသင်း၏ နည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာမှာ အရည်အသွေးမြင့် လူငယ်နောက်ခံကစားသမားတစ်ဦးကို အသင်းသို့အရောက်ခေါ်ယူရန် ဆန္ဒရှိနေပြီး ဘာစီလိုနာအသင်း၏ လူငယ်နောက်ခံလူ မွန်တိုယာအား စိတ်ဝင်စားလာခြင်းဖြစ်သည်။ လီဗာပူးအသင်းမှာ ၎င်းအတွက် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းထံ တရားဝင်ကမ်းလှမ်းသွားဖွယ်ရှိပြီးပေါင် ၁၀ သန်းခန့်ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း goal.com က ဖော်ပြခဲ့သည်။ မွန်တိုယာမှာ ဘာစီလိုနာလူငယ်စီမံကိန်းမှ ပေါ်ထွက်လာခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက် ၃၈ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**

# ၄၂ နှစ်ပြည့် မင်္ဂလာ

(၁၂-၁၁-၁၉၇၂- ၁၂-၁၁-၂၀၁၄)

* အေးအတူ ပူအမျှရယ်နှင့်
ဖေးကူကာ အတူနေကြမယ်လို့
ညီမျှစွာ ရွယ်ရည်မှန်းကာပ
ချစ်လမ်းမှာ တူယှဉ်လှမ်းခဲ့ကြ
ချမ်းအေးမြ ဘဝတွေ။

* သိမ်မွေ့စွာ ရင်မှာစခဲ့တဲ့
နှစ်လတွေ သိပ်ကြာခဲ့ပေမယ့်
ရင်ထဲမှာ အချစ်အကြင်နာက
နက်ရှိုင်းစွာ တိုးဝင်လျက်ပါပဲ
ပန်းသစ္စာ မွှေးရနံ့တွေကလည်း
သင်းပျံ့လှိုင်ဝေ။

* သူ့ဘဝ သူ့နေရာမှာ
ကိုယ့်ဘဝ ကိုယ့်နေရာအပ်နှံလို့
အပြန်အလှန် နားလည်ခြင်းတွေနှင့်
အလျော့အတင်းတွေ သံစဉ်ညှိခဲ့တော့
ချိုနွဲ့သော အချစ်တေးသံတွေ
ပြည့်ဝေခဲ့သည်ပဲ။

* အိမ်ထောင်မှု ထွေတလာ
လူမှု ပြည်မှု ဝန်တာနှင့်
အမျိုးဘာသာ သာသနာဝန်တာများကိုလည်း
ယှဉ်တွဲကာ အတူထမ်းခဲ့ကြ
ရှေ့ဆက်ကာ တကယ်လှမ်းရမယ့်
သံသရာ မဂ်ခရီးလမ်းမှာလည်း
ကြည်မွေ့စွာ နှစ်ကိုယ်တွဲလို့ရယ်
နွဲ့ကြမည်ပဲ။ ။

အေးမြင့်ကြူ-ခင်ဆွေမြင့်

# (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး သတင်းထုတ်ပြန်ရယူနိုင်ရေး ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ နိုင်ငံတကာသတင်းဌာနများ၊ သတင်းမီဒီယာများ၏ သဘောထားအမြင်များ

အမေးအရေး-
မင်းမင်းဇော်(သတင်းစဉ်)
အောင်နိုင်(သတင်းစဉ်)
ဓာတ်ပုံ-မောင်ဖိုးဇော်

အာဆီယံထိပ်သီး အစည်းအဝေးများသည် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်များအတွက် ဆုံးဖြတ်ရမည့်အရေးကိစ္စများကို အဆုံးအဖြတ်ပေးရသည့် အရေးကြီးသည့် အစည်းအဝေးများဖြစ်သည်။ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ အတည်ပြုချက်များ၊ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာနိုင်ငံများအတွက် အသက်တမျှအရေးပါလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများရှိ နိုင်ငံသားများက အချိန်နှင့်တစ်ပြေးညီ သတင်းရယူသိရှိနိုင်ရန် သတင်းရယူထုတ်ပြန်နိုင်ရေးသည် မရှိမဖြစ် လိုအပ်လှသည်။ ကျင်းပလျက်ရှိသည့် အာဆီယံထိပ်သီးအစည်းအဝေးသတင်းများရယူနိုင်ရန် မြန်မာနိုင်ငံ၏ သတင်းထုတ်ပြန်မှု၊ သတင်းရယူနိုင်ရန် ပြင်ဆင်ထားရှိမှုများအတွက် နိုင်ငံတကာသတင်းဌာန၊ နိုင်ငံတကာ သတင်းမီဒီယာများ၊ ပြည်တွင်း သတင်းမီဒီယာများ၏ သဘောထားအမြင်များကို ရေးသားတင်ပြလိုက်ရပါသည်။

**Mr. Kim Song-eun**
**Minister-Counsellor၊ Republic of Korea**

ကျွန်တော် နေပြည်တော်ကို ရောက်တာ ဒီတစ်ခါနဲ့ဆို တတိယအကြိမ်ဖြစ်ပါတယ်။ မေလနဲ့ ဩဂုတ်လတွေက ကျင်းပခဲ့တဲ့အစည်းအဝေးတွေထက်စာရင် ဒီတစ်ခေါက် ဆန်းမစ်အစီအစဉ်ကြီးဟာ ပိုပြီးတိုးတက်ပြည့်စုံတာကို တွေ့ရပါတယ်။ သတင်းထုတ်ပြန်မှု၊ သတင်းရယူနိုင်အောင် စီစဉ်ပေးထားမှုတွေဟာ စနစ်ကျကောင်းမွန်ပါတယ်။ ကျွန်တော်တို့ သတင်းရယူရတဲ့ ကိစ္စတွေအားလုံး အဆင်ပြေပါတယ်။ အစည်းအဝေးကျင်းပတဲ့နေရာတွေကအစ တည်းခိုတဲ့နေရာတွေအဆုံး လုံခြုံရေးအပိုင်း ကောင်းမွန်တာ တွေ့ရပါတယ်။ ဒီမှာကျွေးတဲ့ မြန်မာအစားအစာတွေကိုလည်း နှစ်သက်ပါတယ်။

**Mr. Li Ning**
**People Daily Newspaper, CHINA**

ကျွန်တော်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ People Daily Newspaper က ဖြစ်ပါတယ်။ People Daily Newspaper ဟာ တရုတ်တစ်နိုင်ငံလုံးမှာ အကြီးမားဆုံးသော သတင်းအဖွဲ့အစည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ မြန်မာနိုင်ငံကို ငါးကြိမ်ရောက်ဖူးပါတယ်။ နေပြည်တော်ကို တတိယအကြိမ် ရောက်ဖူးခြင်းဖြစ်ပြီး ဒီနှစ် မေလကတည်းက ရောက်နေတာဖြစ်ပါတယ်။ အာဆီယံအစည်းအဝေးတွေအတွက် မြန်မာနိုင်ငံဟာ တစ်နှစ်တာလုံး အကောင်းဆုံး ဆောင်ရွက်သွားတာ တွေ့ရပါတယ်။ ဒါတွေဟာ မြန်မာလူမျိုးတွေရဲ့ နွေးထွေးပျူငှာမှုတွေပဲ ဖြစ်ပါတယ်။ မြန်မာလူမျိုးတွေရဲ့ စိတ်နေသဘောထားတွေကို ကျွန်တော် နှစ်သက်ပါတယ်။ ဒီအစည်းအဝေးမှာလည်း ကဏ္ဍအားလုံး ပြည့်ပြည့်စုံစုံ ဖြစ်နေတာ တွေ့ရပါတယ်။

**ဦးကျော်စွာမင်း**
**Yomiuri Shimbun Newspaper**

ဒီတစ်ခေါက်ကတော့ အာဆီယံထိပ်သီးအစည်းအဝေးဖြစ်တဲ့အတွက် အနည်းငယ် ကျပ်တည်းပါတယ်။ အရင်အစည်းအဝေးတွေတုန်းကဆို သတင်းယူရတာ ပေါ့ပေါ့ပါးပါးပါ။

ဒီအစည်းအဝေးကတော့ သတ်မှတ်ထားတဲ့ဘောင်ကနေ ကျော်လွန်ပြီး



**Mr. Moises Rollera**
**Fuji Television Network**

သွားလို့မရပါဘူး။ သတ်မှတ်ထားတဲ့ ကတ်ထဲကအတိုင်းပဲ သွားလာရပါတယ်။ ဒီအစည်းအဝေးကတော့ ခမ်းနားပါတယ်။ နိုင်ငံတကာက မီဒီယာသမားတွေအပါအဝင် မီဒီယာသမားတွေအများကြီးကိုလည်း တွေ့ရတယ်။ ကျွန်တော်တို့က booth လုပ်တော့ အခန်းထဲသတင်းယူရတယ်။ အင်တာနက်မြန်နှုန်းတွေကကောင်းတဲ့အတွက် နိုင်ငံတကာသတင်းမီဒီယာတွေဟာ သက်ဆိုင်ရာကို တိုက်ရိုက်တင်ပို့နေတာတွေ မြင်တွေ့နေရတယ်။ နေရာတိုင်းမှာ ဆိုဒ်ကြီးတဲ့ တီဗွီဖန်သားပြင်တွေထားပေးမယ်ဆိုရင် ပိုအဆင်ပြေပါမယ်။ မီဒီယာတွေကို အဆင်ပြေပြေ သတင်းရယူနိုင်အောင် ဆောင်ရွက်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အစည်းအဝေးအပြီး ထုတ်ပြန်တဲ့ သတင်းတွေ၊ ကြေညာချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးစေချင်ပါတယ်။

**Mr. Moises Rollera**
**Fuji Television Network**

သတင်းရယူဖို့ ပြင်ဆင်ထားတာတွေက အလွန်ကောင်းပါတယ်။ အင်တာနက်မြန်နှုန်းလည်း ကောင်းပါတယ်။ နိုင်ငံတကာ မီဒီယာသမားတွေကိုလည်း မြင်တွေ့နေရတယ်။ အကြံပြုစရာ မလိုလောက်အောင်ကို ပြည့်ပြည့်စုံစုံ စီစဉ်ပေးထားလို့ ဝမ်းသာရပါတယ်။

**ဒေါ်ခင်စောဝင်း**
**ဗွီအိုအေ အမေရိကန်အသံ**

သတင်းရယူမှုအပိုင်းနဲ့ ပတ်သက်လို့ ရုပ်ပိုင်းဆိုင်ရာအားဖြင့် အဆင်ပြေပါတယ်။ သတင်းရေးဖို့အချက်အလက်တွေနဲ့ပတ်သက်လို့ ကျွန်မတို့ နည်းနည်းလိုပါတယ်။ ဘာလို့လဲဆိုရင် တာဝန်ခံကိုယ်စားလှယ် တစ်ယောက်ယောက်က သူတို့သွားပြီး မေးမြန်းဖို့ဆိုတာ အခွင့်မသာဘူးလေ။ လုံခြုံရေးအရ တင်းကျပ်ထားတဲ့အတွက် ကိုယ်စားလှယ်တွေထဲက ပါလာတဲ့သူ

တစ်ယောက်ယောက်ကို မေးမြန်းချင်တယ်၊ အင်တာဗျူးချင်တယ်၊ ဒီနေ့ ဘာတွေလုပ်ခဲ့တယ်ဆိုတဲ့ဟာမျိုးကို သိချင်တာပေါ့။ ဘာအစည်းအဝေးကျင်းပတယ်၊ ဘယ်သူတွေ တက်ရောက်တယ်ဆိုတာတွေထက် ဘာအကြောင်းအရာကို ဆွေးနွေးခဲ့တယ်ဆိုတာကို လိုချင်ပါတယ်။ ဥပမာ ကျွန်မအကြံပေးချင်တာက နိုင်ငံခြား



**Mr. AJAY SHARMA**
**DD News, India**

ရေးရုံးက ညွှန်ချုပ်ဖြစ်ဖြစ်၊ ဒုညွှန်ချုပ်အဆင့်ဖြစ်ဖြစ် ဒါမှမဟုတ် တာဝန်ပေးထားတဲ့သူ တစ်ယောက်ယောက်က ဒီနေ့အစည်းအဝေးမှာ ဘာတွေပြောသွားမယ်၊ သေချာလေးပေါ့၊ သူ့အသံလေးနဲ့ တစ်ယောက်ယောက်ကထွက်ပြီး ရှင်းပြပြောပြမယ်ဆိုရင် ပိုအဆင်ပြေပါမယ်။ ကျွန်မတို့က ရေဒီယိုရုပ်မြင်သံကြား ဖြစ်နေလို့ပါ။ သတင်းရယူရေးမှာ စည်းစနစ်တကျလွယ်လွယ်ကူကူ ဖြစ်စေချင်ပါတယ်။ လုံခြုံရေးအရ တင်းကျပ်တာကို ကျွန်မတို့နားလည်ပါတယ်။ အားလုံးကြိုးကြိုးစားစား ဆောင်ရွက်နေကြတာကို မြင်တွေ့နေရပါတယ်။

**ဦးသီဟထွေး**
**NHK၊ Japan Broadcasting Corporation**

သတင်းထုတ်ပြန်တာတွေ၊ သတင်းရယူဖို့ စီစဉ်ဆောင်ရွက်ထားတာတွေကောင်းပါတယ်။ အင်တာနက်လိုင်းတွေလည်း ကောင်းတယ်။ ဒီတစ်ခေါက်ကတော့ လုံခြုံရေးအစီအစဉ်တွေက ပြီးခဲ့တဲ့အခေါက်တွေထက် ပိုပြီးကျပ်တည်းပါတယ်။ သွားလာရတာ အခက်အခဲရှိပါတယ်။ သတင်းယူတဲ့ အခါမှာလည်း နည်းနည်းခက်ခဲသလို ရှိပါတယ်။ အစိုးရထုတ်ပြန်တဲ့ သတင်းတွေသာမကဘူး လိုက်သတင်းဖြစ်တဲ့ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ကိုယ်စားလှယ်တွေဆီကို သွားချင်တယ်။ အင်တာဗျူးတွေ လုပ်ချင်တယ်။ သွားလာခွင့် ကျပ်တည်းသွားတဲ့အတွက် သတင်းတွေကို အားပါးတရ မလုပ်နိုင်ပါဘူး။ ကျန်တဲ့ စားသောက်နေထိုင်ရေးတွေကတော့ အစစအရာရာ အဆင်ပြေပါတယ်။ ပြင်ဆင်မှုတွေ ကောင်းပါတယ်။ အအေးပေးစနစ်ကို ချိန်ညှိပေးစေချင်ပါတယ်။

**Mrs. Robin Mc Dowell**
**Associate Press**

အင်တာနက် လိုင်းကောင်းလို့ သတင်းပေးပို့ရတာ အဆင်ပြေတယ်။ အစားအသောက်တွေလည်း ကောင်းတယ်။ ဒါပေမယ့် ကျွန်မတို့တွေ့ချင်တဲ့သူတွေနဲ့တွေ့ရဖို့ အခက်အခဲရှိပါတယ်။

**Mr. AJAY SHARMA**
**DD News, India**

မီဒီယာစင်တာ ဖွဲ့စည်းပြင်ဆင်မှု၊



**Mr. Zhang Yunfei**
**XINHUA NEWS AGENCY**

သတင်းရယူဖို့ စီစဉ်ဆောင်ရွက်ပေးထားမှုတွေက အလွန်ကောင်းပါတယ်။ မီဒီယာတွေအတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးထားလို့ ဝမ်းသာပါတယ်။

**Mr. Zhang Yunfei**
**XINHUA NEWS AGENCY**

ကျွန်တော်ကတော့ တရုတ်ပြည်ဆင်ဟွာသတင်းဌာနရဲ့ မြန်မာနိုင်ငံသတင်းဌာနခွဲ အကြီးအကဲပါ။ ကျွန်တော့် မြန်မာနာမည်ကတော့ ဦးထွန်းဖေပါ။ ဒီနေပြည်တော်မှာ ကျင်းပခဲ့တဲ့ အစည်းအဝေးတွေဟာ တစ်ပွဲပြီးတစ်ပွဲ ပိုပြီးစနစ်တကျရှိပါတယ်။ သတင်းထုတ်ပြန်မှုတွေမှာ မြန်မြန်ထုတ်ပြန်လာနိုင်တယ်။ အချို့နေရာတွေမှာ အခမ်းအနားပြီးပြီးချင်း ထုတ်ပြန်မှုတွေရှိလာတယ်။



**Mr. Kim Song-eun**
**Minister-Counsellor၊ Republic of Korea**

သတင်းထုတ်ပြန်ချက်၊ သတင်းဓာတ်ပုံတွေ ထုတ်ပြန်တာလည်း တော်တော်လေးမြန်တယ်။ သတင်းထောက်တွေက နေရာစုံစေ့အောင်မရောက်နိုင်ပါဘူး၊ ဒီလို မြန်မြန်သတင်းထုတ်ပြန်ပေးမှုတွေက ကျွန်တော်တို့ကို အကျိုးရှိစေပါတယ်။ ကျွန်တော်တို့ သတင်းသမားတွေအတွက် အားလုံးအဆင်ပြေတယ်။ ဒါကလည်း ကျွန်တော်တစ်ယောက်တည်းရဲ့ အပြောမဟုတ်ပါဘူး။ သတင်းသမားအားလုံးရဲ့ ပါးစပ်ဖျားမှာ သတင်းသမားတွေအတွက် သတင်းယူရတာအားလုံး အဆင်ပြေတယ်ဆိုတဲ့ အသံတွေကြားရမှာပါ။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီးတွင် သတင်း



**Mr. Li Ning**
**People Daily Newspaper, CHINA**

သည် အသက်သွေးကြောပမာ အရေးကြီးသည့်နည်းတူ မှန်ကန်သည့် သတင်းများ ရယူထုတ်ပြန်နိုင်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည်ပင်ဖြစ်သည်။ ထို့အတူ သတင်းသမားများ၊ သတင်းထောက်များ၊ သတင်းဌာနများ၏ အတွေးအမြင်၊ ရေးသားဖော်ပြမှုများသည်လည်း ဘဝများစွာ၊ နိုင်ငံများစွာအတွက် အသက်တမျှပင် ဖြစ်ပါကြောင်း။

---

## တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ခုနှစ်၊ တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါနေရာများ၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ(၁၇)ရက်နေ့မှ စတင်ဝယ်ယူပါမည်။

| | | |
|---|---|---|
| (က) ကချင်ပြည်နယ် | | |
| (၁) မြစ်ကြီးနား | (၂) ခရမ်း | (၇) ရေဦး |
| (၂) ဝိုင်းမော် | (၃) သုံးခွ | (၈) ခင်ဦး |
| (၃) မိုးညှင်း | (၄) လှည်းကူး | (၉) ဒီပဲယင်း |
| (၄) မိုးကောင်း | (၅) တိုက်ကြီး | (ဆ)မကွေးတိုင်းဒေသကြီး |
| (၅) ဗန်းမော် | (၆) ထန်းတပင် | (၁) ဂန့်ဂေါ |
| (၆) ရွှေကူ | (င)ရခိုင်ပြည်နယ် | (ဇ)ပဲခူးတိုင်းဒေသကြီး(အရှေ့) |
| (ခ) ရှမ်းပြည်နယ် (မြောက်ပိုင်း) | (၁) စစ်တွေ | (၁) အုတ်တွင်း |
| | (၂) ကျောက်တော် | (၂) ဖြူး |
| (၁) မိုးမိတ် | (၃) မြောက်ဦး | (၃) ကျောက်တံခါး |
| (ဂ) မွန်ပြည်နယ် | (၄) မင်းပြား | (၄) ညောင်လေးပင် |
| (၁) မော်လမြိုင် | (၅) ရသေ့တောင် | (၅) ဒိုက်ဦး |
| (၂) သထုံ | (၆) ကျောက်ဖြူ | (၆) သနပ်ပင် |
| (၃) ပေါင် | (၇) တောင်ကုတ် | (၇) ရေတာရှည် |
| (၄) မုဒုံ | (၈) ဘူးသီးတောင် | (၈) တောင်ငူ |
| (၅) သံဖြူဇရပ် | (၉) အမ်း | (ဈ)ပဲခူးတိုင်းဒေသကြီး(အနောက်) |
| (၆) ချောင်းဆုံ | (စ)စစ်ကိုင်းတိုင်းဒေသကြီး | (၁) နတ်တလင်း |
| (၇)ကျိုက်မရော | (၁) ကန့်ဘလူ | (၂) ပေါင်းတည် |
| (၈) ရေး | (၂) ဝန်းသို | (၃) ကြို့ပင်ကောက် |
| (၉) ဘီးလင်း | (၃) ကသာ | (၄) သဲကုန်း |
| (၁၀) ကျိုက်ထို | (၄) တန့်ဆည် | (၅) ရွှေတောင် |
| (ဃ)ရန်ကုန်တိုင်းဒေသကြီး | (၅) ကလေး | (၆) သာယာဝတီ |
| (၁) သံလျင် | (၆) ရွှေဘို | (၇) ပြည် |

၂။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလစသည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်း များနှင့်တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်း ငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

# ပုလောမြို့နယ် မိုးစပါးစံကွက်မှ ၉၈ ဒသမ ၇၁ တင်းနှုန်းထွက်ရှိ



**မြိတ်၊ နိုဝင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်သွင်၏လမ်းညွှန်မှုဖြင့် ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် World Vision (မြန်မာ) ပူးပေါင်းဆောင်ရွက်သည့် ရှပ်ပုံကျေးရွာ တောင်သူဦးကိုလေး ကွင်းအမှတ်(၅၁)၊ ဦးပိုင်အမှတ်(၄/၅) တွင် စိုက်ပျိုးထားသည့် ရွှေဝါထွန်း မျိုးသန့်ပွားများရေးစိုက်ကွင်းတွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီ၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့ရာ စပါးတစ်ဧက အထွက်နှုန်း ၉၈ ဒသမ ၇၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ရွှေဝါထွန်း မျိုးသန့်အား ဝေဒီခြံမှ ရယူစိုက်ပျိုးခဲ့ပြီး စံကွက်ရိတ်သိမ်းပွဲသို့ ရှပ်ပုံကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးထွန်းဝေနှင့် တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအေးဝင်းက စပါးတစ်ဧကအထွက်နှုန်း မှန်ကန်ရေးအတွက် အထွက်နှုန်း မိတ်ဖက်ဆိုင်ရာများနှင့် အားနည်းချက် အားသာချက်များ၊ စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာပြီး တောင်သူများအတွက် ဝင်ငွေနှစ်ဆတိုး၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ကြောင်း ပညာပေးစည်းရုံး ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော တောင်သူများကလည်း လိုအပ်သည့် စိုက်ပျိုးနည်းစနစ် မှန်ကန်မှု ရှိစေရေးအတွက် တင်ပြဆွေးနွေးကြရာ ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအေးဝင်းက တောင်သူများသိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

**မြင့်ဦး(မြိတ်)**

## အဓိကနေရာ၌ ယာဉ်စည်းကမ်း ကြပ်မတ်ပေးစေချင်

**ပဲခူး နိုဝင်ဘာ ၁၂**

ပဲခူးမြို့နယ်အတွင်း လမ်းဆုံနေရာများတွင် မီးပွိုင့်များ လူကူးမျဉ်းကျားများ ဆောင်ရွက်ထားရှိပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များက ရှောင်တခင်စစ်ဆေး ဖမ်းဆီးအရေးယူခြင်းများရှိသည်။ ယခုအခါ ပဲခူးမြို့တွင် အဓိကနေရာ လူအစည်းကားဆုံး ပဲခူးမြို့မဈေးကြီးသို့ ဖြတ်ကူးသွားလာနေသည့် ပန်းလှိုင်လမ်းထိပ်ရှိ ပဲခူး-ရန်ကုန်လမ်းမကြီး၌ လူကူးမျဉ်းကြားနှင့် မီးပွိုင့်မရှိသဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ခရီးသွားပြည်သူများက ကြုံသလိုကြည့်ကူးနေကြရ၍ မကြာခဏ ယာဉ်တိုက်မှုဖြစ်ပွားနေပြီး ယင်းနေရာအား ယာဉ်စည်းကမ်းလမ်းစည်းကမ်းရှိစေရေး သက်ဆိုင်ရာများက ကြပ်မတ်ဆောင်ရွက်ပေးစေလိုပါကြောင်း ဒေသခံများထံမှသိရသည်။

**(မျိုးသိန်း-ပဲခူး)**

## ပဲခူးတွင် အထွေထွေအုပ်ချုပ်ရေး နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၇ ရက်နေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ သံဃာငါးပါးအား ပင့်ဖိတ်၍ ပရိတ်တရားတော်များ နာယူခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး ည ၇ နာရီတွင် ပဲခူးမြို့ ဥဿာကျော်ခန်းမ၌ ထွေ/အုပ်မိသားစုနေ့ အခမ်းအနား ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများစုစုပေါင်း အင်အား၂၃၀ ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဦးမောင်မောင်သန်းက တစ်နှစ်တာအကောင်းဆုံးဝန်ထမ်းဆုရရှိသူသုံးဦး၊ ရုံးတက်မှန်ဆု ရရှိသူခြောက်ဦးနှင့် ဝန်ထမ်းအိမ်ရာသန့်ရှင်းဆုရရှိသူ သုံးဦးတို့အား ဆုချီးမြှင့်ခဲ့ပြီး ဝန်ထမ်းများအား ဗလာမပါကံစမ်းမဲ ဖောက်ခြင်း၊ ညစာကျွေးမွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(၀၇၅)**



## တိုင်းဒေသကြီးနှစ်ခုကို ဆက်သွယ်ပေးမည့် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းအား ဒွေးလမ်းအဆင့်တိုးမြှင့်ဖောက်လုပ်

**မြစ်ငယ် နိုဝင်ဘာ ၁၂**

တိုင်းဒေသကြီးနှစ်ခု သို့မဟုတ် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ကူးလူး ဆက်သွယ်ပေးထားသည့် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းသည် အလွန်အရေးပါအရာရောက် အသုံးဝင်သည့် လမ်းဖြစ်သည်။

အဆိုပါလမ်းသည် ယခင်က လမ်းအကျယ် ၁၆ ပေသာရှိ၍ ယမန်နှစ်များကပင် လမ်းပခုံး ဝဲ၊ ယာကွန်ကရစ်ခင်း လေးပေအကျယ်စီ ထပ်မံတိုးချဲ့ထားကာ စုစုပေါင်း ၂၄ပေရှိပြီဖြစ်၍ သွားလာမှုအဆင်ပြေလျက်ရှိသည်။ ယခုအခါ အဆိုပါ လမ်းမကြီးအနီးယှဉ်၍ လမ်းသစ်တစ်လမ်းကို မျဉ်းပြိုင်သဖွယ် ဒွေးလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်လျက်ရှိရာ လမ်းဖို့မြေသားပြီးစီးလုအခြေအနေ ရောက်ရှိနေပြီဖြစ်သည်။


လမ်းမကြီးပြီးစီးသွားပါက အသွားတစ်လမ်း၊ အပြန်တစ်လမ်းဖြစ်၍ သွားလမ်းသာပြီး ပြန်လမ်းဖြောင့်ဖြူးစေတော့မည့် ဒွေးလမ်းကြီးဖြစ်ပေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာလျှင် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေမည်ဖြစ်သည်။

ထို့ပြင် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာတော့မည်ဖြစ်ရာ ဒေသအသီးသီးမှ ထုတ်ကုန်များ၊ သီးနှံများကို ဆောလျင်စွာ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။ ဒေသခံများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများပါ ပိုမိုတိုးတက်ကောင်းမွန်စေတော့မည်။ အဆိုပါ လမ်းမကြီးပေါ်မှနေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ်များ အစီးရေထောင်ကျော်ဖြတ်သန်းသွားလာလျက်ရှိပြီး ယခုကဲ့သို့ သွားလမ်း၊ ပြန်လမ်း ဒွေးလမ်းအဖြစ် သီးခြားဖောက်လုပ်နေပြီဖြစ်၍ ယာဉ်အန္တရာယ်မတော်ဆမှုများ ကင်းဝေးစေတော့မည်ဖြစ်သည်။

အဆိုပါ စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းအသစ် ဒွေးလမ်းသည် လေးမိုင် ခြောက်ဖာလုံအရှည်ရှိကြောင်း သိရသည်။


**မောင်မောင်စိုး(မြစ်ငယ်)**




### မွေးသက္ကရာဇ်အမှန်

ဦးဇော်မင်း၏သား မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ သီတာအေးနယ်မြေ၊ အိမ်အမှတ်(၄ရ)မှ မောင်စိုင်းသန်းဇော်၏မွေးသက္ကရာဇ်အမှန်မှာ(၂၇-၆-၁၉၉၇)ဖြစ်ပါသည်။



ဖတ်စရာ

# ဆေးဖက်ဝင် ငါးပိရည်ဖျော်နည်း



**à wifkufkufZrf**

ကျွန်မတို့ နေ့စဉ်ထမင်းမြိန်စေတဲ့ ငါးပိရည်ဟာ စားလို့တော့ကောင်းပါရဲ့။ ငါးပိရည် ဘယ်လိုဖြစ်လာတာကို သိသူနည်းပါးပါလိမ့်မယ်။ ဒါကြောင့် ဆေးဖက်ဝင် ငါးပိရည်ဖျော်နည်းအကြောင်း မပြောခင် ဦးစွာ ပထမ ငါးပိလုပ်နည်းကို ပြောပြချင်ပါတယ်။

ငါးပိတစ်ပိဿာအတွက် ငါးတစ်ပိဿာနှစ်ဆယ့်ငါးကျပ်သားလောက် ဝယ်ရပါမယ်။ ငါးပြေမကတော့ ပြောစမှတ်ဖြစ်ရအောင် အချိုဓာတ် လေးလေးပင်ပင်ရှိလှပါတယ်။ ဈေးမှာ လွယ်လွယ်ဝယ်လို့ရတဲ့ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးမြွေထိုးစတဲ့ ရေချိုငါးတို့ကိုလည်း သုံးနိုင်ပါတယ်။ ဦးစွာ ငါးတွေကို ဗိုက်ခွဲ အူထုတ်ပြီး ရေပြောင်အောင်ဆေးပေးပါ။ ငါးတစ်ကောင်ချင်းစီကို တစ်ထွာလောက်ထက် ပို၍ မကြီးသင့်ပါဘူး။ ငါးအကောင်ကြီးရင်တော့ ထက်ခြမ်းခွဲသင့်ပါတယ်။ ဒါမှသာ နေလှန်းတဲ့အခါ ပထမနေ့မှာပဲ အစိုဓာတ်နည်းသွားမှာပါ။ ဆားနယ်တဲ့အခါမှာ ပုံမှန်ဟင်းချက်တာထက် ပိုပြီးနယ်ရမှာပါ။ သို့သော် ဆားထည့်များရင် ငန်လွန်းနေပြီး ဆားနည်းရင်တော့ ငါးတွေ ပုပ်တတ်ပါတယ်။ သဘာဝနည်းဖြစ်လို့ အချိုမှုန့်နဲ့ ယမ်းစိမ်း လုံးဝထည့်စရာ မလိုပါ။ (သတိပြုရန်။ ငါးနေလှန်းတဲ့အခါ ယင်ကောင်များနားပါက၊ ဉချခဲ့ရင် ငါးပိထဲမှာ လောက်ကောင်များ တွေ့ရတတ်လို့ ယင်မနားပါစေနှင့်) ငါးခြောက်ဖြစ်တဲ့အထိ နေမလှန်းဘဲ အစိုဓာတ် ထက်ဝက်လောက်လျော့ကျသွားချိန်မှာ ငရုတ်ဆုံထဲထည့်ပြီး ထောင်းပေးပါ။ သို့သော် အထူးညက်စရာမလိုပါ။ ငါးပုံပျက်ပြီး အနည်း ငယ်ပွဲ့ရွှဲ၍ ဖိသိပ်ထည့်လို့ရတဲ့ အနေအထား ထိပျော့ပျောင်းလာ ရင်တော့ ပလတ်စတစ်ဘူး၊ ဖန်ဘူးများထဲ သိပ်ထည့်ထားပါ။ ပြီးရင်အပေါ်မှ ဆားများကို ဖြူး၍ (အနည်းဆုံး လက်တစ်ဆုပ်ခန့်)အဖုံးကို လုံအောင် ပိတ်ထားလိုက်ရုံပါပဲ။ ယခုလို သဘာဝနည်းဖြင့် ငါးဖြင့်ငါးပိလုပ်နည်းက ငါးကလေးဆိုရင် နှစ်လခွဲ ခန့်ကြာမှာဖြစ်ပြီး ငါးကြီးဆိုလျှင် သုံးလခွဲခန့် ကြာနိုင်ပါတယ်။ ငါးပိနပ်လို့ အိုးစဖွင့်တယ်ဆိုရင်ပဲ ငါးပိအိုးတက်ရည်များကို တွေ့ရပါလိမ့်မယ်။ အဲဒီ အိုးတက်ရည်တွေဟာ သဘာဝငါးပိမှ ထွက်တဲ့ ငံပြာရည်များဖြစ်လို့ ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ပါတယ်။ ဒီအတိုင်းသုံးရင် အနံ့မကောင်းတဲ့အတွက် အိုးထဲမှ ငန်ပြာရည်(အိုးတက်ရည်)များကို ခပ်ယူပြီး ပွက်ပွက်ဆူအောင် ကျိုချက်ထားရပါမယ်။ ငံပြာရည်အချိုကြိုက်ရင် သကြားထည့်ပေးနိုင်ပါတယ်။ ပြီးရင် ပုလင်းအလွတ်တစ်လုံးထဲမှာသိမ်းပြီး သဘာဝ ငါးငံပြာရည်စစ်စစ်အဖြစ် လိုသလို အသုံးပြုနိုင်ပါတယ်။ ဒါဆိုရင်ဖြင့် အိမ်ရှင်မများ မိမိအိမ်မှာ ငါးပိလုပ်ရင်း၊ ငါးငံပြာရည်စစ်စစ်ကိုပါ သုံးစွဲလို့ရပါပြီ။

**ဆေးဖက်ဝင် ငါးပိရည်ဖျော်နည်း**

ငါးပိဆိုတာ ငါးကိုရေဆေး၊ ဗိုက်ခွဲကာအူတွေထုတ်ပြီး ဆား(အငန်ဓာတ်တွေ)နဲ့ အပုပ်ခံလုပ် ထားတာမို့လည်း ငါးပိရည်က စားလို့တော့ကောင်းပါရဲ့ အငန်ဓာတ်ကဲနေပါတယ်။ ဒါ့ကြောင့်လည်း သွေးတိုးရောဂါသည်များနှင့် ဝက်ခြံပေါက်သူများက ထမင်းဝိုင်းမှာ ငါးပိရည်ရနံ့ မွှေးမွှေးလေးကို စိတ်ရှိတိုင်း မစားရဲကြပါဘူး။ သို့သော် အထက်မှာဖော်ပြထားသလို ဘဘာဝနည်းနဲ့ပြုလုပ် ဖော်စပ်ထားတဲ့ ငါးပိရည်ကို ဆေးဖက်ဝင်အောင် ဖျော်၍ သင့်တင့်တဲ့ပမာဏ စားခြင်းဟာ လူကိုဘေးထွက်ဆိုးကျိုးမဖြစ်စေပါဘူး။

ဦးစွာ ငါးပိရည်ကျိုတဲ့အခါမှာ နနွင်း(စနွင်း)မှုန့် ကိုထည့်၍ ကျိုပေးရမှာပါ။ ဘာကြောင့်လဲဆိုရင် နနွင်းမှုန့်က အညှီအဟောက်များကို လွန်စွာ ပြေပျောက်စေတဲ့အပြင်၊ အရောင်လှပရုံသာမက ငါးပိရည်၏ အနံ့နှင့်အရသာကိုပါ ပိုကောင်းစေနိုင်လို့ပါပဲ။ နနွင်းနှင့် ရောကျိုပြီး ပွက်ပွက်ဆူလာတဲ့အခါ အိုးပေါ်မှ ချ၍ ထောင်းထားတဲ့ ကြက်သွန်ဖြူ နိုင်နိုင် ထည့်ပေးလိုက်ခြင်းဖြင့် စားချင့်စဖွယ် 'ဆေးဖက်ဝင်ငါးပိဖျော်ရည်' ရပါပြီ။ အစပ်ကြိုက်သူများက ငရုတ်သီးစိမ်းကို လှော်၍ ထောင်းထည့်စားနိုင်ပါတယ်။ ငရုတ်သီးစိမ်းလှော်က ငါးပိရည်ရနံ့ကို ပို၍ဆွဲဆောင်မှုဖြစ်စေရုံသာမက၊ ငရုတ်သီးစိမ်းစားလို့ ဗိုက်နာခြင်းမှလည်း ကြိုတင်ကာကွယ်ရာရောက် ပါတယ်။ (ငရုတ်သီးအကျက်မှုန့်ကိုမှ ကြိုက်သူများကလည်း မိမိအလိုရှိသလို ထည့်လို့ရပါတယ်) ဆေးဖက်ဝင် ငါးပိရည်ဖျော်အတွက် အချိုမှုန့် မထည့်သင့်ပါဘူး။ အချိုမှုန့်အစား ပုစွန်ခြောက်မှုန့် အနည်းငယ်ထည့်ပေးနိုင်ပါတယ်။ (သို့မဟုတ်) မိမိအဆင်ပြေရာ ပြုတ်ထားသော ငါးကျည်း၊ ငါးကြင်း၊ ငါးမြစ်ချင်း အသားအနည်းငယ်ကို အရိုးနွှင်၍ ငါးပိရည်ထဲ ခတ်ပေးနိုင်ပါတယ်။

ထမင်းဝိုင်းပြင်ခါနီးမှာ ငါးပိရည်ခွက်ထဲကို သံပရာ ရည်ညှစ်ထည့်ပေးလိုက်ပါဦး။ သံပရာရည်က သွေးတိုးကို ထိန်းပေးနိုင်သလို မြန်မာ့အကြိုက် ချဉ်၊ ငန်၊ စပ်အရသာ ပြီးပြည့်စုံတဲ့ ငါးပိရည်တစ်ခွက်ရပါပြီ။ (အတို့အမြုပ်အဖြစ် မန်ကျည်းသီးဖြင့် ပြုတ်ထားသော ကန်စွန်းရိုးနီ၊ ဖန်ခါးသီး၊ ဆီးဖြူသီး၊ သခွားသီး၊ ဖရဲသီးငယ်၊ သို့မဟုတ် ဘူးသီးပြုတ်၊ ခရမ်းကြွပ်သီး၊ ပူဒီနာရွက်၊ မုန်လာဥနီ၊ ချဉ်ဖတ်အမျိုးမျိုး၊ ရေနွေးဖြောထားတဲ့ ပဲစောင်းခါးသီး၊ ဂေါ်ဖီ၊ ပဲတောင့်ရှည်၊ ကနဖော့၊ မှိုနတို၊ စာကလေးခြေထောက်၊ ပဲပုစွန်စတဲ့ သဘာဝဟင်းသီးဟင်းရွက်များကို ငါးပိရည်ဖြင့် တွဲဖက်စားခြင်းဖြင့် ခံတွင်းလိုက်စေသလို ဆေးဖက်လည်း ဝင်စေမှာ အမှန်ပါ။

## အရှည်ပေ (၄၀၀) လမ်းပြုပြင်မည့်နေရာအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သွားရောက်ကြည့်ရှု

**မြင်းခြံ၊ နိုဝင်ဘာ ၁၂**


မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်အတွင်းရှိ အရှည်ပေ ၄၀၀ ရှိ လမ်းအားပြုပြင်နိုင်ရေးအတွက် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။




ယင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးအောင်ဇံ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ စည်ပင်သာယာရေးဦးစီးဌာနမှဝန်ထမ်းများ၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ လိုက်ပါခဲ့ကြောင်းသိရသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ အမှတ်(၂)နှင့် အမှတ်(၅)ရပ်ကွက်အကြားတွင် ရေနုတ်မြောင်းတူးဖော်နိုင်ရေး၊အမှတ်(၂)ရပ်ကွက်ရေနုတ်မြောင်းပေါ်ရှိ တံတားပြုပြင်နိုင်ရေးတို့ကို ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်အသုံးပြုနိုင်ရန် တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**












SIU International,Bangkok မြို့တွင် Business,IT,Tourism နှင့် Engineering ဘာသာရပ်များ သွားရောက်ပညာသင်ကြားနိုင်ရန် ပညာရေးမိတ်ဆက်ပွဲကို နိုဝင်ဘာလ (၁၆)ရက်၊ နံနက်(၁၀)နာရီတွင် သစ္စာရာဇာ Training and Development Center မှ ကြီးမှူး၍ ရန်ကုန်မြို့၊ စံရိပ်ငြိမ်(၆)လမ်းရှိ ကံ့ကော် Education Center၌ ကျင်းပပါမည်။ ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၉၀၁၆၀၃၇၊ ၀၉-၄၀၂၅၁၈၄၅၄

# ညနေတိုင်းကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်သူများနှင့် မန္တလေးမြို့ရှိ ကျုံးပတ်လည်၌ စည်ကားလျက်ရှိ



**မန္တလေး၊ နိုဝင်ဘာ ၁၂**

မန္တလေးမြို့ ကျုံးတော်၏အရှေ့တောင်ထောင့်နားတွင် အားကစားကရိယာများ တပ်ဆင်ပေးထားသောကြောင့် ညနေတိုင်း ကျုံးဘေးပတ်လည် လမ်းလျှောက်သူများ၊ အပြေးလေ့ကျင့်သူများနှင့် စည်ကားလျက်ရှိပြီး အားကစားကိရိယာများဖြင့် လေ့ကျင့်နိုင်ရန်လည်း စီစဉ်ပေးထားကြောင်းသိရသည်။

ညနေတိုင်းတွင် မန္တလေးမြို့တော်သူ၊ မြို့တော်သားမိသားစုများ ကျန်းမာရေး လေ့ကျင့်သည့် ပျော်စံရာနေရာလေးပင် ဖြစ်လာသည်။ ခါးလှည့်ကိရိယာ၊ ခြေလွှဲကိရိယာများ၊ အကြောလျှော့ ကိရိယာများ၊ ခေတ်မီတရုတ်ထိုက်ကျိ အားကစားစက်များ၊ လက်စုံလှည့် အားကစားစက်များအပါအဝင် အခြားအားကစားစက်မျိုးစုံကို တပ်ဆင်ပေးထားသည်။ ခေတ်မီအားကစားစက် အမျိုးအစားကစားပုံကစားနည်း အကျိုးသက်ရောက်မှုများ ကျန်းမာရေးအတွက်မည်သည့် အစိတ်အပိုင်းကိုပိုမို အားဖြစ်ကြောင်းများကိုပါ တိကျစွာ စာများဖြင့် လမ်းညွှန်အသိပေးထားသည်။

ကစားရလွယ်ကူပြီး အခမဲ့လေ့ကျင့်နိုင်သလို နန်းမြို့ရိုးနှင့် မန္တလေးတောင်တော်အလှ၊ ကျုံးအလှများကို ပါခံစားနိုင်သည့်အတွက် စိတ်ဝင်စားသူ အားကစားပြုလုပ်သူများ များပြားလျက်ရှိသည်။ ယခုအခါ ဆောင်းရာသီညနေခင်းများတွင် ကျုံးဘေး၌ လမ်းလျှောက်သူ၊ အားကစားလုပ်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်းသိရသည်။

ကျုံးရေပြာပြာနှင့် လေနုအေးကလေးများက ရှုရှိုက်မိသူတိုင်းကို လန်းဆန်းစေသောကြောင့် မန္တလေးကျုံးဘေးတွင် နိုင်ငံတကာခရီးသွားဧည့် သည်များ စက်ဘီးပတ်စီးကာ အလှအပ ရှုစားနိုင်ရန် စက်ဘီးငှား ဝန်ဆောင်မှု ပေးသူများပင်ရှိသည်။ စက်ဘီးငှားသည့်နေရာအနီးတွင် မန္တလေးမြို့၏ သဘာဝမျှော်စင်ဟု တင်စားထားသော မန္တလေးတောင်တော်နှင့် ကျုံးအလှကိုပါ တပေါင်းတည်းခံစားကြည့်ရှုနိုင်သည်။

မန္တလေးမြို့တော်သည် မြန်မာဘုရင်များ နောက်ဆုံး စိုးစံခဲ့သော မြို့တော်ကြီးပင်ဖြစ်သည်။ မြန်မာ့သမိုင်းအမွေအနှစ်များ၊ ထီးဟန်နန်းဟန် အမွေအနှစ်များ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့ဗိသုကာလက်ရာများစွာ တည်ရှိသော မြို့ပင်ဖြစ်သည်။ ပြည်တွင်း ဘုရားဖူးများ၊ နိုင်ငံတကာ ခရီးသွားများလေ့လာစရာ သုတေသနပြုစရာများစွာ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစွာနှင့် လှပနေသော သဘာဝပြတိုက်ကြီးဟုပင် တင်စားထားသည်။

အုတ်မြို့ရိုး လေးဘက်ဖြင့် လေးထောင့်စပ်စပ်တည်ထားသော လေးကျွန်းအောင်မြေ နန်းမြို့တော်ကြီးနှင့်အတူ မြန်မာ့ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသော မြနန်းစံကျော် ရွှေနန်းတော်ကြီးမှာ တင့်တယ်စွာဖြင့် ကြည့်ရှုမဝနိုင်သော သဘာဝပန်းချီ ကားတစ်ချပ်ပင် ဖြစ်နေသည်။

နန်းမြို့တော်ဘေးတွင် လေးဘက်လေးတန် ဝန်းရံထားသော ကျုံးတော်မှာ ကြည်လင်သော ရေပြာပြာများဖြင့် အနားသတ်မျဉ်းဖြောင့် သဖွယ်လှပစွာ တည်ရှိနေသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များ မှတ်တမ်းယူမဆုံးသော မန္တလေးမြို့ဂုဏ်ဆောင်နေရာ တစ်ခုပင်ဖြစ်သည်။

**တိမ်တမန်**

## တင်ပုလွဲကျေးရွာတွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဖျာပုံ၊ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ တင်ပုလွဲကျေးရွာရှိ အခြေခံပညာ မူလတန်း(လွန်)ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်၊ ညနေပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား တင်ပုလွဲကျေးရွာ အောင်မြေသာစည်ကျောင်း ဆရာတော်၊ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်၊ ဖျာပုံခရိုင် လက်ထောက်ပညာရေးမှူး ဦးလှသောင်းနှင့် ဦးအောင်ဌေးတို့က အလယ်တန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းအခမ်းအနားတွင် အောင်မြေသာစည်ကျောင်း ဆရာတော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးနိုင်တို့က အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် ဖျာပုံခရိုင် လက်ထောက် ပညာရေးမှူး ဦးလှသောင်းက အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်မြှင့် တိုးချဲ့ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် တင်ပုလွဲကျေးရွာမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူတစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ၅၀၀၀၀ နှင့် ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီဖြင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် တင်ပုလွဲကျေးရွာမှ တစ်ဘာသာဂုဏ်ထူးရှင်ရှစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၀ ဦး ရှိခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## အရှိန်မထိန်းနိုင်သောယာဉ် ဗားကရာ နံရံပေါ်သို့ရောက်

**ရန်ကုန်၊ နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာချောက်တွင် နိုဝင်ဘာ ၉ ရက် နံနက် ၁ နာရီ မိနစ် ၃၀ က ယာဉ်မောင်း သူရအောင် (ဘ) ဦးသန်းနိုင်အောင် မောင်းနှင်လာသည့် အဖြူရောင် Honda Civic မော်တော်ယာဉ်သည် အောက်ကြည့်မြင်တိုင်လမ်းအတိုင်း မောင်းနှင်လာပြီး ဗားကရာမီးပွိုင့်အရောက် ကမ်းနားလမ်းဘက်သို့ ကွေ့လိုက်ရာ အရှိန်မထိန်းနိုင်ဘဲ ဗားကရာချောက် နံရံ ပေါ်သို့ ရောက်ရှိသွားသည်။

ယာဉ်မောင်းမှာ အနည်းငယ် ဒဏ်ရာရရှိသွားပြီး အဆိုပါ ယာဉ်မဆင်မခြင်မောင်းသူကို ရန်ကုန်အနောက်ပိုင်းခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ အရေးယူထားသည်။

**ထိန်ဝင်း(ကြည့်မြင်တိုင်)**

## ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုဆောင်ရွက်

**ကလေးဝ၊ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးဝမြို့နယ်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုးဝင်းနှင့်အဖွဲ့သည် ကလေးဝမြို့နယ် စခန်းကြီး၊ ရှမ်းအင်းနှင့် ချောင်းကျဉ်းကျေးရွာများသို့ နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင်ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အိမ်ခြေ ၂၇ အိမ်၊ ကျောင်းသား ၂၂ ဦး ပညာသင်ကြားရာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်သော စခန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အား သမံတလင်းခင်းရန် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ဘိလပ်မြေအိတ် ၆၀ ပံ့ပိုးကာ အခြားလိုအပ်သည်များအတွက် လိုက်ပါလာသောသက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ပံ့ပိုးကူညီပေးကြရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက်အိမ်ခြေ ၉၀ ကျော်ရှိကာ ကျောင်းသား ၁၆၀ ပညာသင်ကြားနေသော ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသည့် ရှမ်းအင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း အုတ်ညှပ်နှစ်ထပ်ဆောင်အား ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့က ကြည့်ရှုစစ်ဆေးပြီးနောက် ချောင်းကျဉ်းကျေးရွာရှိ ကျောက်မီးသွေးကုမ္ပဏီများက ပံ့ပိုးကူညီဆောက်လုပ်ပေးသော RC တစ်ထပ် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။


**ဂျိုးနက်**






ဒဂုံမြို့သစ်(ဆိပ်ကမ်း/တောင်ပိုင်း)
မြေကွက်များ ဝယ်လိုပါသည်။
ဖုန်း-၀၉-၂၅၃၃၆၁၃၃၄၊
၀၉-၂၅၃၂၆၂၀၀၆၊



# တောင်နောက်ကျေးရွာတွင် ကျေးရွာသုံး ထင်းစိုက်ခင်းမှ ကျေးရွာနေပြည်သူများသို့ ထင်းများ ဝေငှပေးအပ်

**ချောက်၊ နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ တောင်နောက်ကျေးရွာတွင် ကျေးရွာသုံး ထင်းစိုက်ခင်းမှ ကျေးရွာနေ ပြည်သူများသို့ ထင်းများ ဝေငှပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီက ထင်းစိုက်ခင်း ၃/၈ တွင် ကျင်းပခဲ့ကြောင်းသိရသည်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ သစ်တောဦးစီးဌာန သဘာဝတောနှင့် လုပ်ငန်းဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဦး၊ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးလွင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က ထင်းများ ဝေငှပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ငွေးနှင့် ပြည်သူများက လက်ခံရယူခဲ့ကြသည်။

ကျေးရွာနေပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ငွေးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အခမ်းအနားတွင် ဖျော်ဖြေပေးသော ကျေးရွာ ဒိုးပတ်ဝိုင်းအဖွဲ့အား ဒုတိယဝန်ကြီးမှ ဆုတော်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာထင်းစိုက်ခင်းကို ၁၉၈၂-၈၃ ခုနှစ်ကတည်းက စိုက်ဧက ၁၃၀ တွင် ကျေးရွာသုံးထင်းအဖြစ် ယူကလစ်ပင်များ စိုက်ပျိုးထားခြင်းဖြစ်၍ ကျေးရွာရှိ အိမ်ထောင်စု ၁၆၈ စု လူဦးရေ ၁၀၄၀ အား ထင်းလို အပ်ချက် အထိုက် အလျောက် ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။ **ဝင်းငွေး (ပြန်/ဆက်)**

# လမ်းဖြတ်ကူးသူနှင့် လမ်းလျှောက်သွားနေသူများ အန္တရာယ်ကင်းရေး သတိပြုဆင်ခြင်နိုင်ရန် အသိပေး

**ရန်ကုန်၊ နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိရာ ယာဉ်မောင်းများ၏ ပေါ့ဆစွာမောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှုများကြောင့်ဖြစ်ပွားလျက်ရှိသည့်အပြင် လမ်းဖြတ်ကူးသူ ခရီးသွား၏ ပေါ့ဆမှုများကြောင့်လည်း ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသောကြောင့် ယာဉ်မောင်းများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား အလေးထားလိုက်နာပြီး ဂရုပြုမောင်းနှင်ကြရန်နှင့် ခရီးလမ်းသွားသူများအနေဖြင့်လည်း စည်းကမ်းလိုက်နာကာ သတိမူပြီးသွားလာကြရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ် ဖွဲ့မှ အသိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

မြောက်ဥက္ကလာပမြို့နယ်အတွင်း ပြီးခဲ့သည့် နိုဝင်ဘာ ၇ ရက် ည ၈ နာရီခွဲခန့်က သုမင်္ဂလာလမ်းရှိ (၅)လမ်း မှတ်တိုင်အနီးတွင် လမ်းဖြတ်ကူးသူ မြောက်ဥက္ကလာပမြို့နယ်နေ ကိုဇော်မင်းအေး၊ (၃၄)နှစ်အား ယာဉ်တစ်စီးမှ တိုက်မိကာ မောင်းနှင်ထွက်ပြေးသွားသဖြင့် ဖူးရောင်ပွန်းပဲ့နာကျင်ဒဏ်ရာများရရှိခဲ့ကာ မြောက်ဥက္ကလာပဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသခဲ့ရကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ ပါရမီမီးပွိုင့်၌ လမ်းဖြတ်ကူးသူ ဦးကံလှ(စိစစ်ဆဲ)အား ကုန်တင်ယာဉ်တစ်စီးမှတိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ရာဖူးရောင်ပွန်းပဲ့နာကျင်ဒဏ်ရာများနှင့် နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်း၊ ညနေ ၃ နာရီခွဲ တွင် ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၌ လမ်းဖြတ်ကူးသူ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်နေ ကိုပေါစံ(ခ)မောင်မောင်အေး၊ (၃၀)နှစ်အား ယာဉ်မောင်းဇေယျာအောင်၊ (၂၁)နှစ် မောင်းနှင်လာသည့် မစ်ဆူဘီရှီကင်တာ ကိုယ်ပိုင်ယာဉ်မှ တိုက်မိခဲ့ရာ ဖူးရောင်ပွန်းပဲ့နာကျင်ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်းဆေးကုသခဲ့ရသည်။

ယင်းရက်တွင်ပင် ည ၈ နာရီအချိန်၌ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မောင်းမကန်ကမ်းသာလမ်း၊ ၈၈ ကားဂိတ်အနီး၌ လမ်းဖြတ်ကူးသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးသိန်းရွှေ၊ (၇၅)နှစ်အား ယာဉ်မောင်း လှထွန်း၊ (၄၂)နှစ် မောင်းနှင်လာသည့် ဂျစ်ကိုယ်ပိုင်ယာဉ်မှ တိုက်မိခဲ့ရာ ဖူးရောင်ပွန်းပဲ့ နာကျင်ဒဏ်ရာများရရှိခဲ့သဖြင့် သဃ်န်းကျွန်းဆေးရုံ၌ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်း၊ ည ၇ နာရီ တွင် သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းရှိ ဓာတ်ဆီဆိုင်အနီး၌ လမ်းဖြတ်ကူးသူ သာကေတမြို့နယ်နေ မောင်အောင်ငွေးနှင့် ဦးရဲလေးတို့နှစ်ဦးအား ယာဉ်မောင်း ဘိုဘိုထွန်း မောင်းနှင်လာသည့် တိုယိုတာလိုက်အေ့စ်ယာဉ်မှ တိုက်မိခဲ့ရာ ၎င်းတို့တွင် ဖူးရောင်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် မောင်အောင်ငွေးမှာ အတွင်းလူနာ(စိုးရိမ်ရ)နှင့် ဦးရဲလေးမှာ ပြင်ပလူနာအဖြစ် ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့ရသည်။

နိုဝင်ဘာ ၉ ရက် နံနက် ၀၀နာရီ ၁၅ မိနစ် တွင်လည်း တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ်(၅၄/၄)အနီးတွင် လမ်း၏ယာဘက်မှ လမ်းလျှောက်သွားနေသူ အသက်(၄၀)နှစ်ခန့် အမျိုးသားတစ်ဦးအား မော်တော်ယာဉ်တစ်စီးမှ တိုက်မိခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားသဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းများကြောင့် ယာဉ်တိုက်မှုဖြစ်စဉ်များအား သက်ဆိုင်ရာရဲစခန်းများတွင် အမှုများအသီးသီး ရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **စိုးဝင်း**(MLA)

# ကျိုင်းတုံမြို့နယ်အတွင်း နံရံကပ်စာပေ ရေချမ်းစင်များ တိုးချဲ့ဖွင့်လှစ်

**ကျိုင်းတုံ၊ နိုဝင်ဘာ ၁၂**

ကျိုင်းတုံတက္ကသိုလ်၌ နံရံကပ်စာပေရေချမ်းစင်အသစ်ကို တိုးချဲ့ထားရှိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ပြည်သူများ စာအုပ်စာပေများကို အခမဲ့အဆင်ပြေလွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရေးနှင့် အသိပညာဗဟုသုတတိုးပွားရရှိပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လူစည်ကားရာနေရာများတွင် အများပြည်သူဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်အနေဖြင့် နံရံကပ်စာပေရေချမ်းစင် ကိုးခု ထားရှိပေးထားသည်။

စာပေရေချမ်းစင်များတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြည်သူ့နီတိအပါအဝင် သုတ၊ ရသ စုံစုံလင်လင်ပါရှိသည့် စာအုပ်၊စာစဉ် ၁၃ မျိုးထားရှိပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများကလစဉ် စာအုပ်၊ စာစောင်အသစ်များကို ဖြည့်ဆည်းပေးထားသည်။ **ခရိုင်ပြန်/ဆက်**

# ဝန်းသိုမြို့နယ်အတွက် စေတနာရှင်များမှ မီးငြှိမ်းသတ်ယာဉ် တစ်စီးလှူဒါန်း

**ဝန်းသို၊ နိုဝင်ဘာ ၁၂**


စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် မီးဘေးအန္တရာယ်များကို ကာကွယ်တားဆီးနိုင်စေရန် လင်းသီဟကုမ္ပဏီမှ အလှူရှင်များက မီးငြှိမ်းသတ်ယာဉ်တစ်စီးအား ဝန်းသိုမြို့နယ်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။


အဆိုပါ မီးငြှိမ်းသတ်ယာဉ် လှူဒါန်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ မီးငြှိမ်းသတ်ယာဉ် လှူဒါန်းသည့် အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များက မီးသတ်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုးက လက်ခံယူခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။

"မြို့နယ်အတွက် မီးသတ်ယာဉ် တစ်စီး လှူဒါန်းသွားတာ အလွန်ဝမ်းသာမိပါတယ်။ မီးဘေးအန္တရာယ် ကျရောက်လာပါက မီးသတ်ယာဉ်များဖြင့် ပျက်စီးဆုံးရှုံးမှု နည်းပါးအောင် အချိန်မီကာကွယ်တားဆီးနိုင်တော့မှာဖြစ်လို့ အလှူရှင်များကို ကျေးဇူးအထူးတင်ပါတယ်"ဟု မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက မြို့သူမြို့သားများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **လှမျိုးထွန်း(ပြန်/ဆက်)**





## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထန်းဇလုပ်ရေကူ ရေလှောင်တမံစီမံကိန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေပိုလွှဲ မြေကြီးလုပ်ငန်း

(ခ) တမံမြေဖို့ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။


(က) တင်ဒါလျှောက်လွှာယူရက် - ၁၃-၁၁-၂၀၁၄ ရက်မှ ၁၉-၁၁-၂၀၁၄ ရက်အထိ

(ခ) တင်ဒါတင်သွင်းရက် - ၂၀-၁၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိ

(ဂ) တင်ဒါတင်သွင်းရန်နေရာ - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ ရွှေဘိုမြို့

၃။ အသေးစိတ်သိရှိလိုပါက ၀၇၅-၂၁၀၈၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ




**အမည်ပြောင်း**

ဦးရန်လင်းအောင် [၁၀/ခဆန(နိုင်)၀၁၂၉၃၂]၏သမီး သာကေတမြို့နယ်၊ အမက(၂၇)၊ စတုတ္ထတန်း(A) တွင် ပညာသင်ကြားနေသော မသရဖူအား မသင်ဇာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မသင်ဇာလင်း

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ရုံးအမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ (၅)ထပ်အဆောက်အအုံ (စတုတ္ထထပ်)တွင် ထိရောက်မြန်ဆန်သည့် သတင်းအချက်အလက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးစနစ် (Intellgent Transport System) တပ်ဆင်အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီ

တင်ဒါတင်သွင်းရမည့်နေရာ - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၃)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄-၁၁- ၂၀၁၄ရက်မှစတင် ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၁-၆၆၀၈၅၁၊ ၀၁-၆၆၀၃၇၂၊ ၀၉-၃၃၇၈၆၈၁၅၊ ၀၉- ၄၂၁၀၉၆၃၆၊ ၀၉-၃၁၇၈၆၂၇၇

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ယနေ့မာတိကာ

အထင်ကရ ဂုဏ်ထူးဆောင်နာယက

စာမျက်နှာ - ၂

နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ သူ့ဂုဏ်၊ သူ့သိက္ခာဖြင့် နေနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်

စာမျက်နှာ - ၁၀

အာဆီယံနိုင်ငံ ခေါင်းဆောင်များ၏ ဇနီးများနှင့်အဖွဲ့ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ကြည့်ရှုလေ့လာ

စာမျက်နှာ - ၁၂

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး (အထူးထုတ်) လေးမျက်နှာ ပါရှိပါသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်




(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ပတ္တမြားခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ အာဆီယံနိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံမှအဆိုပြုတင်ပြသည့် အာဆီယံအစိမ်းရောင်စီးပွားရေးဗဟိုဌာန စတင်ထူထောင်သည့်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် လီယောင်မင်တို့က

**စာမျက်နှာ ၉ ကော်လံ ၄ သို့**

## ဒေသတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားမြှင့်တင်ပေးရမည်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျောရိုးဖြစ်သည့် တစ်ပိုင်တစ်နိုင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ၏ အခန်းကဏ္ဍကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် ပြည်တွင်းပြည်ပပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များက ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

"အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေဟာ ဘယ်နိုင်ငံမှာမဆို နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အဓိကစီးပွားရေးကျောရိုးဖြစ်ပါတယ်။ အနည်းဆုံး ၉၀ ရာခိုင်နှုန်းဝန်းကျင်ဟာ SME များဖြစ်ပါတယ်။ သေချာကြည့်ဖို့လိုသလို တိုးတက်အောင်လည်း လုပ်ပေးဖို့လိုပါတယ်။ အသေးစားနဲ့ အလတ်စားကမှ နိုင်ငံတိုးတက်အောင် ဖန်တီးပေးနိုင်မယ့် အလယ်အလတ်တန်းစားအလွှာကို မွေးထုတ်ပေးနိုင်မှာဖြစ်တဲ့အတွက် သူတို့ကိုပံ့ပိုးကူညီဖို့လိုအပ်ပါတယ်"ဟု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက ပြောသည်။

**စာမျက်နှာ ၁၁ ကော်လံ ၂ သို့**

WIN AUTO PARTS
ကားအပိုပစ္စည်းမျိုးစုံကို နိုင်ငံတဝန်းလုံးသို့ လက်လီလက်ကား ရောင်းချပေးလျက်ရှိပါသည်။
www.winautoparts.com
info@winautoparts.com
WIN Auto Parts ကိုသတိရပါ

ကြေးမုံ
(၂၅)ကြိမ်မြောက်
အာဆီယံထိပ်သီးအစည်းအဝေး
JPM for 25th ASEAN Summit
MYANMAR 2014
နိုဝင်ဘာ ၁၃ ရက် ၂၀၁၄ ခုနှစ် (ကြာသပတေးနေ့)
အထူးထုတ်



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲ၌ အာဆီယံဂုဏ်ပြုတေးသီချင်းသီဆိုဖျော်ဖြေစဉ်။

# အာဆီယံစီးပွားရေးအသိုက်အဝန်း

အောင်ထူး

**အာဆီယံအနေနဲ့ လွတ်လပ်တဲ့ ကုန်သွယ်မှုဒေသဖြစ်ဖို့သာ ကျေနပ်မနေဘဲ အာဆီယံနိုင်ငံအားလုံးကို စီးပွားရေးစနစ်တစ်ခုအဖြစ် ပေါင်းစည်းဖို့ကြိုးစားခဲ့ပါတယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ စီးပွားရေးစနစ်တစ်ခုတည်းမဟုတ်ဘဲ ဘက်စုံထောင့်စုံကနေ ပေါင်းစည်းဖို့ ရည်ရွယ်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ၂၀၂၀ခုနှစ် အာဆီယံမျှော်မှန်းချက်(ASEAN Vision 2020)ကို ကြည့်မယ်ဆိုရင် အာဆီယံကို ၂၀၂၀ ခုနှစ်မှာ အာဆီယံနိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးအသိုက်အဝန်းအဖြစ် ထူထောင်ဖို့ မျှော်မှန်းခဲ့ကြတာ ဖြစ်ပါတယ်။ ဒီမျှော်မှန်းချက်မှာ "အမြင်ကျယ်မှုရှိပြီး တွန်းအားရှိသော စီးပွားရေးတိုးတက်မှုကိုရရှိလျက် ကရုဏာတရား ပြည့်ဝသည့်ဝန်းကျင်တွင် ငြိမ်းချမ်းတည်ငြိမ်စွာနှင့် ချမ်းသာကြွယ်ဝစွာ အတူတကွမိတ်ဖက်ပူးပေါင်းနေထိုင်ကြသည့် စုစည်းမှုရှိ၍ တက်ညီလက်ညီရှိသည့် အာဆီယံအသိုက်အဝန်း"ဟု ဖော်ပြခဲ့ပါတယ်။**

ဒီအာဆီယံမျှော်မှန်းချက်ကို အခြေခံပြီး အာဆီယံသဘောတူညီချက်(၂)လို့ ခေါ်တဲ့ ဒုတိယ ဘာလီကြေညာစာတမ်းကို ၂၀၀၃ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယ ဘာလီကြေညာစာတမ်းဟာ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုတွင် အလှည့်အပြောင်းတစ်ခုဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ အတွင်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ရာကနေ ၂၀၀၃ ခုနှစ်မှာ အာဆီယံကို ဘက်စုံပေါင်းစည်းမှုရှိသည့် လူ့အဖွဲ့အစည်းအသိုက်အဝန်းတစ်ခုအဖြစ် ပေါင်းစည်းရန် ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ယင်းသို့ ပေါင်းစည်းမှုကို ခရစ်နှစ်

**အမြင်ကျယ်မှုရှိပြီး တွန်းအားရှိသော စီးပွားရေးတိုးတက်မှုကိုရရှိလျက် ကရုဏာတရားပြည့်ဝသည့်ဝန်းကျင်တွင် ငြိမ်းချမ်းတည်ငြိမ်စွာနှင့် ချမ်းသာကြွယ်ဝစွာ အတူတကွ မိတ်ဖက်ပူးပေါင်းနေထိုင်ကြသည့် စုစည်းမှုရှိ၍ တက်ညီလက်ညီရှိသည့် အာဆီယံအသိုက်အဝန်း**

၂၀၂၀ တွင် ပြုလုပ်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပခဲ့တဲ့ (၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကနေ အာဆီယံ ကွန်ကော့ဒ်-၂ ဆိုင်ရာ ကြေညာစာတမ်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။ ယင်းကြေညာချက်မှာ အာဆီယံအသိုက်အဝန်းကို အာဆီယံ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ဖြင့် ထူထောင်ရန် ဖော်ပြခဲ့ပါတယ်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်မှုကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် အာဆီယံအသိုက်အဝန်းသုံးရပ်စလုံးမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းအနေနဲ့ ဖွဲ့စည်းထူထောင်မှုလမ်းညွှန်ဖြစ်တဲ့ AEC Blueprint ကို ၂၀၀၇ ခုနှစ်မှာ အစောဆုံး ရေးဆွဲခဲ့ပါတယ်။ ဒီလမ်းညွှန်မှုမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အချက်လေးချက်အပေါ်မှာ ထူထောင်ရန်ဖြစ်ပါတယ်။ အဓိက မျှော်မှန်းချက်များကတော့-

(က) တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ (Single Market and Production Base)

စာမျက်နှာ ၂ သို့ » »



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် လုံခြုံရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## အာဆီယံစီးပွားရေးအသိုက်အဝန်း

» » ရှေ့ဖုံးမှ

(ခ) ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသ (Competitive Economic Region)

(ဂ) စီးပွားရေးဖွံ့ဖြိုးမှု မျှတသော ဒေသ (Equitable Economic Development)

(ဃ) ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်သောဒေသ (Integration into the Global Economy)

အဖြစ် ထူထောင်ရန်ပဲဖြစ်ပါတယ်။

ဒီအာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်မှုကို ၂၀၀၇ ခုနှစ်မှာပဲ ၂၀၂၀ ခုနှစ်အစား ၂၀၁၅ ခုနှစ်မှာ စောစီးစွာ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ပါတယ်။

**အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုအခြေအနေ**

ဒီမျှော်မှန်းချက်များ အခုအချိန်မှာ ဘယ်လောက်အထိ အကောင်အထည်ဖော်ခဲ့ပြီလဲဆိုတာ ပြန်ကြည့်ဖို့လိုမှာ ဖြစ်ပါတယ်။ တစ်ခုတည်းသော ဈေးကွက်နဲ့ထုတ်လုပ်မှုအခြေခံဒေသ အာဆီယံတစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံ အဆောက်အအုံတွင် အခြေခံအပိုင်း (၅) ပိုင်းဖြင့် ဖွဲ့စည်းနေတာဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းထားရာမှာ အာဆီယံနိုင်ငံများအတွင်း

(၁) ကုန်စည်များ လွတ်လပ်စွာ စီးဆင်းနိုင်ခြင်း

(၂) ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းနိုင်ခြင်း

(၃) ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းနိုင်ခြင်း

(၄) ငွေကြေးအရင်းအနှီးများ ပိုမို၍ လွတ်လပ်စွာ စီးဆင်းနိုင်ခြင်းနှင့်

(၅) ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ပြောင်းရွှေ့နိုင်ခြင်းတို့ ပါဝင်ပါတယ်။

ကုန်စည်နဲ့ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းနိုင်မှုနဲ့ပတ်သက်လို့ အာဆီယံနိုင်ငံများအချင်းချင်းမှာ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်နဲ့ ထောက်ပံ့ ပံ့ပိုးမှုလုပ်ငန်းကုန်ကျစရိတ်များကို လျှော့ချနိုင်ကြဖို့ လိုပါတယ်။ အခုအချိန်ထိ သယ်ယူပို့ဆောင်မှုနဲ့ ထောက်ပံ့ ပံ့ပိုးမှုကုန်ကျစရိတ်များမှာ ကွာဟချက်များ ကြီးထွားနေဆဲဖြစ်ပါတယ်။ ဒါတွေကို လျှော့ချဖို့လိုအပ်ပါတယ်။ ဒါမှသာ အာဆီယံနိုင်ငံများအချင်းချင်း ကုန်စည်စီးဆင်းမှုမြန်ဆန်လာမှာဖြစ်ပြီး ကုန်စည်ဈေးနှုန်းများကို လျှော့ချနိုင်ကြမှာ ဖြစ်ပါတယ်။

ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းမှုနဲ့ပတ်သက်လို့ အာဆီယံနိုင်ငံများအနေနဲ့ အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်အရ ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာစီးဆင်းနိုင်ရန် သတ္တမမြောက် ကတိကဝတ်ပြုမှုစာရင်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့တာ ၁၅ နှစ်လောက်ရှိလာခဲ့ပြီဖြစ်ပေမယ့် ဝန်ဆောင်မှုများ လွတ်လပ်ခွင့်ပေးမှုနဲ့ပတ်သက်လို့ သိသာတဲ့ တိုးတက်မှုမရှိခဲ့သေးဘူးလို့ ပြင်ပပုဂ္ဂိုလ်များက သုံးသပ်ကြပါတယ်။ ဝန်ဆောင်မှုများ လွတ်လပ်ခွင့်ပေးမှုနဲ့ပတ်သက်လို့လည်း မူလ blueprint မှာ အပြည့်အဝပေါင်းစည်းနိုင်အောင်လည်း ထည့်သွင်းဖော်ပြမှုမရှိတာကို တွေ့ရတယ်လို့ဆိုပါတယ်။ အာဆီယံနိုင်ငံများမှာ အခြားအာဆီယံနိုင်ငံများက ဝန်ဆောင်မှုကုမ္ပဏီများထူထောင်မှုနဲ့ ပတ်သက်လို့ ၇၀ ရာခိုင်နှုန်းသာ ခွင့်ပြုထားတာဖြစ်ပါတယ်။ ဝန်ဆောင်မှုဆိုင်ရာလူပုဂ္ဂိုလ်များ လွတ်လပ်စွာရွှေ့ပြောင်းနိုင်မှုနဲ့ပတ်သက်လို့ ကျွမ်းကျင်သူများနဲ့ ပညာရှင်များကိုသာ လွတ်လပ်စွာပြောင်းရွှေ့လုပ်ကိုင်ခွင့်ပြုတာကို တွေ့ရပါတယ်။ ဒီလိုခွင့်ပြုမှုမှာလည်း ကင်းလွတ်ခွင့်တွေ၊ အတိုးအလျှော့လုပ်နိုင်မှုတွေ များစွာ ပြုလုပ်ထားတာ တွေ့ရမှာဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းမှုနဲ့ပတ်သက်လို့ အာဆီယံနိုင်ငံများအနေနဲ့ ၁၉၉၇-၁၉၉၈ ခုနှစ်များကတည်းက နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိအောင် ကြိုးစားခဲ့ပြီး ကြိုးစားနေရဆဲလည်း ဖြစ်တယ်။ ၂၀၁၂ ခုနှစ်မှာ အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် (ASEAN Comprehensive Investment Agreement)ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဒီသဘောတူညီချက်ဟာ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အာမခံသဘောတူညီချက်ကို ပေါင်းစည်းထားတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီသဘောတူညီချက်ကို အာဏာသက်ဝင်နိုင်အောင် ကြိုးစားနေရဆဲဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ လေ့လာမှုများအရ အာဆီယံရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းမှုမှာ ထင်သာမြင်သာမရှိမှုများနဲ့ ပတ်သက်လို့ ဝေဖန်မှုများရှိသလို လုပ်ထုံးလုပ်နည်းများဆိုင်ရာ

စာမျက်နှာ ၃ သို့ » »



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်စဉ်။




(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလ၌ နိုင်ငံ့အကြီးအကဲများတည်းခိုသည့် ဟိုတယ်များကိုတွေ့ရစဉ်။

# အာဆီယံစီးပွားရေးအသိုက်အဝန်း

» » စာမျက်နှာ ၂ မှ

နှောင့်နှေးမှုနဲ့ ရှုပ်ထွေးတဲ့လုပ်ငန်းစဉ်များ ရှိနေတယ်လို့ ဝေဖန်မှုခံခဲ့ရပါတယ်။ ဒီလို ဝေဖန်မှုတွေကို ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံနဲ့ ပတ်သက်လို့ ပြုလုပ်ခဲ့တာမို့ လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှု ပြုလုပ်မှုများမှာ အထောက်အကူပြုမှုများ အားနည်းနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ ပြည်ပက ကုမ္ပဏီများ စီးပွားရေးလုပ်ငန်း ထူထောင်ဆောင်ရွက်နိုင်မှုညွှန်းကိန်းမှာ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဘရူနိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်နေပြီး ကျန်တဲ့ နိုင်ငံများမှာ စီးပွားရေးလုပ်ငန်းများ လာရောက် ဆောင်ရွက်မှုနဲ့ပတ်သက်လို့ လွယ်ကူအောင် ဆောင်ရွက်ပေးကြရဦးမှာ ဖြစ်ပါတယ်။ အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ကို အတည်ပြုခဲ့မှုနဲ့အတူ အာဆီယံနိုင်ငံများ အတွင်းမှာလည်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေများကို လိုက်လျောညီထွေဖြစ်အောင် ပြဋ္ဌာန်းကြရဦးမှာ ဖြစ်ပါတယ်။

အာဆီယံအနေနဲ့ ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လွတ်လပ်စွာ စီးဆင်းနိုင်ရန်အတွက် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုကျွမ်းကျင်လုပ်သားတွေ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ဖို့ တစ်နိုင်ငံက ကျွမ်းကျင်လုပ်သားအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းတွေကို ကျန်နိုင်ငံများက အသိအမှတ်ပြုဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံများမှ ကျွမ်းကျင်လုပ်သားတွေရဲ့ အရည်အချင်းတွေကို အပြန်အလှန် အသိအမှတ်ပြုနိုင်ရန်အတွက် ကျွမ်းကျင်လုပ်သားတွေရဲ့ အရည်အချင်း အပြန်အလှန်အသိအမှတ်ပြုမှုဆိုင်ရာ သဘောတူညီချက်များ (Mutual Recognition Agreements) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီသဘောတူညီချက်များအရ တစ်နိုင်ငံက ဘွဲ့ဒီဂရီများကို တစ်နိုင်ငံက အသိအမှတ်ပြုရန်လိုသလို အသိအမှတ်ပြုလက်မှတ်များ၊ လိုင်စင်များကိုလည်း အသိအမှတ်ပြုကြဖို့ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အာဆီယံအနေနဲ့ အင်ဂျင်နီယာနဲ့ ဗိသုကာ၊ သူနာပြုစာရင်းကိုင်လုပ်ငန်း၊ မြေတိုင်းလုပ်ငန်း၊ ဆေးဘက်နဲ့ သွားဘက်ဆိုင်ရာ ပညာရပ်များမှာ အပြန်အလှန်အသိအမှတ်ပြုမှု သဘောတူညီချက် (၇)ရပ်ကို သဘောတူညီခဲ့ကြပြီးဖြစ်ပါတယ်။ ဒါပေမယ့် အင်ဂျင်နီယာနဲ့ ဗိသုကာလုပ်ငန်းများတွင်သာ အာဆီယံစံသတ်မှတ်ထားတဲ့ မှတ်ပုံတင်အင်ဂျင်နီယာနဲ့ ဗိသုကာစနစ်ကို ထူထောင်နိုင်ခဲ့ပါသေးတယ်။ ဒီလိုအပြန်အလှန်အသိအမှတ်ပြုမှု သဘောတူညီချက်ဟာလည်း မိမိတို့ဆန္ဒအလျောက်သာ လိုက်နာဖို့ဖြစ်ပြီး မဖြစ်မနေလိုက်နာရမယ့် စည်းနှောင်မှုရှိတဲ့ သဘောတူညီချက်တွေ မဟုတ်တာကို တွေ့ရပါတယ်။ ဒီ့အပြင် အာဆီယံနိုင်ငံတော်တော်များများမှာ နိုင်ငံခြားသား အလုပ်သမားတွေ လာရောက်အလုပ်လုပ်ကိုင်မှုကို ကန့်သတ်ထားပြီး အလုပ်လုပ်ခွင့် (Work Permits)များကို ရယူပြီးမှသာ တစ်နိုင်ငံက တစ်နိုင်ငံကို ရွှေ့ပြောင်းလုပ်ကိုင်နိုင်ကြပါတယ်။ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းနိုင်အောင်ဆိုရင် အရည်အချင်းတွေကို အပြန်အလှန်ခွင့်ပြုရုံသာမက ပြည်တွင်းဥပဒေများမှာလည်း လျှော့ပေါ့ပေးကြရမှာ ဖြစ်ပါတယ်။

အာဆီယံစီးပွားရေး အသိုက်အဝန်းရဲ့ နောက်တစ်ချက်ကတော့ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတဲ့ စီးပွားရေးဒေသအဖြစ် ထူထောင်ဖို့ဖြစ်ပါတယ်။ ဒီလိုထူထောင်ဖို့ကိစ္စမှာ အချက်နှစ်ရပ်ရှိပါတယ်။ ပထမအချက်ကတော့ ဒေသတွင်းမှာ ပြိုင်ဆိုင်ထုတ်လုပ်ရောင်းချနိုင်မှုဆိုင်ရာ ထိရောက်တဲ့မူဝါဒ(National Competition Policy) ကို ချမှတ်ဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ နိုင်ငံတကာတွင် ကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံများကိုအခြေခံ၍ ညီညွတ်မျှတသော ဒေသဆိုင်ရာ ယှဉ်ပြိုင်မှုမူဝါဒလမ်းညွှန်ချက် (Guidelines on ASEAN Competition Policy) တစ်ရပ် ပေါ်ပေါက်လာဖို့ ဖြစ်ပါတယ်။ ဒေသအတွင်း ပြိုင်ဆိုင်ထုတ်လုပ်ရောင်းချနိုင်မှုမူဝါဒလို့ဆိုရာမှာ လက်ဝါးကြီးအုပ်ထုပ်လုပ်ရောင်းချမှုများ၊ အုပ်စုဖွဲ့ ဈေးကွက်ကိုထိန်းချုပ်မှုများ မရှိဘဲ ဈေးကွက်အတွင်းကို လွတ်လပ်စွာ ဝင်ရောက်ရောင်းချနိုင်ခွင့်ရှိဖို့ ဖြစ်ပါတယ်။ မလေးရှား၊ ဖိလစ်ပိုင်နဲ့ ဘရူနိုင်းနိုင်ငံတွေမှာ လက်ဝါးကြီးအုပ် ထုတ်လုပ်ရောင်းချမှုတွေကို တိုက်ဖျက်တဲ့ဥပဒေတွေ ပြဋ္ဌာန်းထားမှု မရှိသေးတာကို တွေ့ရပါတယ်။ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်မှု ဥပဒေတွေနဲ့ပတ်သက်လို့ ပိုမိုပြန့်ပွားအောင် ဆောင်ရွက်နေကြပြီး လွတ်လပ်မှုရှိတဲ့ ပြိုင်ဆိုင်ရောင်းချမှုဆိုင်ရာ အာဏာပိုင်အဖွဲ့များကို ထူထောင်ထားရှိပေးကြပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံအသစ်တွေဖြစ်ကြတဲ့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား စသည်တို့မှာတော့ ပြိုင်ဆိုင်ထုတ်လုပ်ရောင်းချနိုင်မှုဆိုင်ရာ ထိရောက်တဲ့မူဝါဒတွေဟာ အသစ်အဆန်းဖြစ်နေပြီး အသိပညာပေးမှုအပိုင်းမှာ အားနည်းမှုရှိတယ်ဆိုတာကို တွေ့ရပါတယ်။ လက်ဝါးကြီးအုပ်လုပ်ငန်းများဟာ အာဆီယံအသိုက်အဝန်းထူထောင်မှုအတွက် အဟန့်အတားဖြစ်လျက်ရှိနေပါတယ်။ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချမှုမူဝါဒများနဲ့ ပတ်သက်လို့ ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပြီး အသိပညာပေးမှုတွေကိုလည်း ကျယ်ပြန့်စွာ ဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ အာဆီယံဒေသအနေနဲ့ ကမ္ဘာမှာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းကို မြှင့်တင်ဖို့ဖြစ်ပါတယ်။ အာဆီယံအနေနဲ့ ကမ္ဘာပေါ်မှာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချနိုင်စွမ်းကို မြှင့်တင်ချင်တယ်ဆိုရင် လမ်းပန်းအခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံခေါင်းဆောင်များအနေနဲ့ အာဆီယံဆက်သွယ်ပေါင်းစည်းမှုဆိုင်ရာ မဟာစီမံချက် (ASEAN Connectivity Master Plan) ကို ၂၀၁၀ ခုနှစ်မှာ ချမှတ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဒီစီမံချက်မှာ အာဆီယံနိုင်ငံတွေအချင်းချင်း ဆက်သွယ်တဲ့ လမ်းပန်းအဆက်အသွယ် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ ထူထောင်မှု၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကူးသန်းသွားလာမှုကို အထောက်အကူပြုမယ့် လုပ်ထုံးလုပ်နည်း၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အဖွဲ့အစည်းဆိုင်ရာ ထူထောင်မှုနဲ့ အာဆီယံပြည်သူများ အချင်းချင်း ကမ္ဘာလှည့်ခရီးသည်များအဖြစ် အပြန်အလှန် လည်ပတ်ကြတဲ့ လူလူချင်းထိတွေ့မှုဆိုင်ရာ အဆက်အသွယ်ထူထောင်မှုများကို ထည့်သွင်းခဲ့ပါတယ်။ ဒီစီမံချက်ဟာ အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းရေးကို အဓိကအထောက်အကူပြုမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၄ သို့ » »



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးတာဝန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့ဝင်များက လိုက်ပါထမ်းဆောင်ကြသည်။




(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလ၌ သတင်းများတိုက်ရိုက်ထုတ်လွှင့်သည့်ယာဉ်ကို တွေ့ရစဉ်။

## အာဆီယံစီးပွားရေးအသိုက်အဝန်း

» » စာမျက်နှာ ၃ မှ

အာဆီယံနိုင်ငံများရဲ့ လမ်းပန်း အဆက်အသွယ် အခြေခံအဆောက်အအုံများကို ချိတ်ဆက်ဖို့ ၂၀၁၀ ခုနှစ်ကနေ ၂၀၂၀ ခုနှစ်အထိ တစ်နှစ်ကို အမေရိကန် ဒေါ်လာ ၆၀ ဘီလီယံရင်းနှီးမြှုပ်နှံရန်လိုအပ်မှာဖြစ်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က ခန့်မှန်းပါတယ်။ ဒီဆက်သွယ်ပေါင်းစည်းမှု လုပ်ငန်းအတွက် မတည်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကြီးမားတာကြောင့် အာဆီယံနိုင်ငံများအနေနဲ့ မိမိတို့ဘာသာ ဆောင်ရွက်နိုင်မှာမဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများက အကူအညီနဲ့ ချေးငွေများ၊ ပုဂ္ဂလိကကဏ္ဍက ရင်းနှီးမြှုပ်နှံမှုများ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)နဲ့ပူးပေါင်းပြီး ကနဦး မတည်ငွေ အမေရိကန်ဒေါ်လာ ၄၈၅ ဒသမ ၂သန်းရှိတဲ့ အာဆီယံအခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိပါတယ်။ ဒီရန်ပုံငွေကတော့ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ လိုအပ်ချက်နဲ့စာရင်တော့ အတန်မျှနည်းပါးနေပါသေးတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ နိုင်ငံတကာကော်ပိုရေးရှင်းများက ရင်းနှီးမြှုပ်နှံမှုများရရှိဖို့ အများပြည်သူနဲ့ ပုဂ္ဂလိကမိတ်ဖက်ပါဝင်မှု ချဉ်းကပ်နည်းလမ်း (Private-Public Partnership approach)ကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းထူထောင်မှုရဲ့ ရည်မှန်းချက်တစ်ခုကတော့ မျှတတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေကိုကြည့်ရင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဟာ အလွန်ပင်ကွာခြားလှတာကို စိုးရိမ်ဖွယ်တွေ့ရပါတယ်။ တစ်ဦးကျဝင်ငွေကို ဝယ်နိုင်စွမ်းအား ညီမျှမှုနည်းနဲ့ တွက်ချက်ကြည့်ရာမှာ ၂၀၁၁ ခုနှစ်မှာ စင်ကာပူနိုင်ငံက တစ်ဦးကို တစ်နှစ်အမေရိကန်ဒေါ်လာ ၅၆၇၀၇၊ မလေးရှားက အမေရိကန်ဒေါ်လာ ၁၄၇၄၄၊ ဗီယက်နမ်က အမေရိကန်ဒေါ်လာ ၃၁၄၃၊ လာအိုနိုင်ငံက အမေရိကန်ဒေါ်လာ ၂၄၄၉၊ ကမ္ဘောဒီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၀၆၅ ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ စုစုပေါင်း တိုင်းပြည်ထုတ်ကုန်အပေါ်မှာ ကုန်သွယ်မှုအပေါ် အမှီပြုမှုကိုကြည့်ရင် မြန်မာနိုင်ငံမှာ နိုင်ငံခြားကုန်သွယ်မှုဟာ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးရဲ့ ၃၃ ရာခိုင်နှုန်းသာရှိပေမယ့် စင်ကာပူနိုင်ငံမှာ နိုင်ငံခြားကုန်သွယ်မှုမှာ စုစုပေါင်းပြည်တွင်းထုတ်ကုန်အပေါ်မှီခိုမှု ၂၉၈ ရာခိုင်နှုန်းမျှရှိတာကို တွေ့ရပါတယ်။

ဒီလိုမမျှတမှုများ ပေါ်ပေါက်နေတဲ့အတွက် အာဆီယံမှာ အဖွဲ့ဝင်နိုင်ငံသစ်များအတွက် အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းမှု (Initiative for ASEAN Integration, IAI)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း နိုင်ငံတစ်ခုချင်းရဲ့လိုအပ်ချက်ကို အသေးစိတ်ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေပါသေးတယ်။

> “ကုန်သွယ်မှုဧရိယာကိုသာ ထူထောင်နိုင်ခဲ့ရင် လူဦးရေ သန်း ၃၃၀၀ ကျော်ရှိတဲ့ ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်စွာ ကုန်သွယ်နိုင်တဲ့ ဈေးကွက်တစ်ခု အနေနဲ့ ပေါ်ထွန်းလာတော့မှာဖြစ်။”


စတုတ္ထအချက်ကတော့ အာဆီယံဒေသကို ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင်သောဒေသအဖြစ် အသွင်ပြောင်းရန်ဖြစ်ပါတယ်။ အာဆီယံကို အမြင်ကျယ်တဲ့ အသိုက်အဝန်းအဖြစ် အသွင်ပြောင်းရာမှာ အမြင်ကျဉ်းပြီး မိမိဒေသအတွင်းအကျိုးကိုသာကြည့်တဲ့ အဖွဲ့အစည်းတစ်ရပ်မဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများနဲ့ သင့်တင့်မျှတစွာ ပေါင်းသင်းပြီး ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများကတစ်ဆင့် ကမ္ဘာ့စီးပွားရေးစနစ်အတွင်း ပေါင်းစည်းဖို့ ဖြစ်ပါတယ်။

ဒီစတုတ္ထမဏ္ဍိုင် အကောင်အထည်ဖော်မှုအပိုင်းနဲ့ ပတ်သက်လို့ အာဆီယံအနေနဲ့ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုကြပါတယ်။ အာဆီယံနိုင်ငံ တစ်နိုင်ငံချင်းအနေနဲ့ ကမ္ဘာ့စီးပွားရေးစနစ်အတွင်း အောင်မြင်စွာ ပေါင်းစည်းနိုင်ခဲ့ကြသလို အအုပ်အဖွဲ့အနေနဲ့လည်း ပေါင်းစည်းနိုင်ခဲ့ကြပါတယ်။ အာဆီယံ-တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုဒေသ၊ အာဆီယံ-ဂျပန် လွတ်လပ်စွာ ကုန်သွယ်မှုဒေသ၊ အာဆီယံ-ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်မှုဒေသများကို အကောင်အထည်ဖော်နိုင်ခဲ့သလို ကုန်စည်တွေနဲ့ ပတ်သက်ပြီး အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန် လွတ်လပ်စွာ ကုန်သွယ်မှုဒေသ၊ အာဆီယံ-အိန္ဒိယ လွတ်လပ်စွာ ကုန်သွယ်မှု ဧရိယာတွေကို စတင်နိုင်တော့မှာဖြစ်ပါတယ်။ အရှေ့အာရှထိပ်သီး အစည်းအဝေးဝင် နိုင်ငံတွေထဲက ၁၆ နိုင်ငံပါဝင်တဲ့ ဒေသဆိုင်ရာဘက်စုံအကျုံးဝင်တဲ့ လွတ်လပ်စွာ ကုန်သွယ်မှုဒေသ (Regional Comprehensive Economic Partnership)ကို ထူထောင်နိုင်ဖို့ကိုလည်း ၂၀၁၃ ခုနှစ် မေလမှာ စေ့စပ်ဆွေးနွေးမှုတွေ စတင်နေပြီဖြစ်ပါတယ်။ ဒီလွတ်လပ်စွာကုန်သွယ်မှုဧရိယာကို ၂၀၁၅ ခုနှစ်မှာ အပြီးထူထောင်ဖို့ အာဆီယံအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီကုန်သွယ်မှုဧရိယာကိုသာ ထူထောင်နိုင်ခဲ့ရင် လူဦးရေ သန်း ၃၃၀၀ ကျော်ရှိတဲ့ ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်စွာကုန်သွယ်နိုင်တဲ့ ဈေးကွက်တစ်ခုအနေနဲ့ ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ ။


❒ ❒ ❒




(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း အသင့်ပြင်ဆင်ထားသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များကိုတွေ့ရစဉ်။


Welcome President Park Geun-hye.
Wishing for a successful summit in building a strong partnership of Asia,
and to move forward in unity for peace and prosperity with creative economy.
창조경제가 ASEAN 공동발전과 번영을 함께 이루어 갑니다.
박근혜 대통령님의 미얀마 방문을 환영합니다.
KIA


DIAMOND
INYA PALACE
Soaring Supremely In The Midst Of The City,
Tallest In Yangon
OPENING FOR SALE SOON
အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမယ့် ရတနာ.... 34th Storey Diamond Inya Palace condominium


Welcome
President Park Geun-hye of the Republic of Korea.
박근혜 대통령의 미얀마 방문을 환영하며,
ASEAN+3 및 EAS의 성공적인 개최를 기원합니다.
ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပတ်ဂွန်ဟေးအား လှိုက်လှဲစွာ ကြိုဆိုပါ၏။
မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ASEAN+3 နှင့် East Asia Summit
အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆုမွန်ကောင်း တောင်းအပ်ပါသည်
posco


GOLDEN CITY
LIVE THE
GOLDEN CITY LIFE
739 Square Feet To 1,516 Square Feet
GOLDEN CITY Phase II Launching Soon
Enhancing The Magnificence Of GOLDEN CITY
Unrivaled Views
Impressive Layouts
Enhanced Facilities
Value Added Services
Hotline:+95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Developer: Golden Land Real Estate Development Co., Ltd. Website: www.glredel.com